# မြန်မာ့အလင်း

၁၂၇၈ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၂)၊ အမှတ်(၈၈)


## နိုင်ငံတော်၏အချုပ်အခြာအာဏာ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်



ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်း ထောင်နှင့်ချီ၍ ကိုယ်ပိုင်ယဉ်ကျေးမှုရှိပြီး လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် ရပ်တည်ခဲ့သော နိုင်ငံဖြစ်သည်။ တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် အဆင့်အတန်းမြင့်မားသည့် ယဉ်ကျေးမှုနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းကြကာ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ခဲ့ကြပေသည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာမှ–

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၁၂ရက်ကြာခရီးစဉ်အတွင်း လမ်းညွှန်မှာကြားချက်များ

- ❒ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၇) သင်တန်းဆင်းပွဲနှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲ တက်ရောက်မိန့်ခွန်းပြောကြား။
- ❒ ပြင်ဦးလွင်မြို့ရှိ အမှတ်(၁)သံနှင့်သံမဏိစက်ရုံ သံထည်ပစ္စည်းများ ထုတ်လုပ်ဖြည့်ဆည်းပေးရေး။
- ❒ ပြင်ဦးလွင် ဆေးဝါးစက်ရုံစီမံကိန်း အစွမ်းထက်တိုင်းရင်းဆေးဝါးများ သုတေသနပြုထုတ်လုပ်ရေး။
- ❒ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၇၉၀ ထုတ်နိုင်မည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း စောပြီးစီးအောင် ဆောင်ရွက်ကြရန်။
- ❒ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ အဓိကအရေးကြီးသည့် ကဏ္ဍများဖြစ်၍ တစ်ခုပြီးမှတစ်ခု အကောင်အထည်ဖော်သည့် ပုံစံမျိုးမဟုတ်ဘဲ တစ်ပြိုင်တည်း ချိတ်ဆက်အကောင်အထည်ဖော်ရန်။
- ❒ လျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာအားလုံး၌ မိုးစပါးတစ်သီးမဖြစ်မနေစိုက်ပျိုးပြီး ကျန်ရာသီ၌ ဖြစ်ထွန်းနိုင်သည့် စိတ်ကြိုက်သီးနှံများ စိုက်ပျိုးသွားရန်။
- ❒ နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် နိုင်ငံတော်ကို ဆက်လက် ကာကွယ်တည်ဆောက်ကြရန် လမ်းညွှန်မှာကြားခဲ့သည်။

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မန္တလေး၊မကွေးစစ်ကိုင်းတိုင်းအတွင်း ၁၂ရက်ကြာလှည့်လည်ခဲ့ နိုင်ငံတော်အတွက် အရေးပါသည့်စီမံကိန်းလုပ်ငန်းများ ဖြစ်နိုင်သမျှအမြန်ပြီးစီးရေးမှာကြား စီမံကိန်းများကို တစ်ခုပြီးမှတစ်ခုပုံစံမျိုးမဟုတ်ဘဲ တစ်ပြိုင်တည်းချိတ်ဆက်ဖော်ဆောင်ရန်လမ်းညွှန်

ရန်ကုန် ဒီဇင်ဘာ ၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊

**စာမျက်နှာ ၄ ကော်လံ ၁** ✡





နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ရန်ကုန်-မန္တလေး လမ်းမကြီးပေါ်ရှိ မြစ်ငယ် တံတား တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

# ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံ အစွမ်းထက်တိုင်းရင်းဆေးများ သုတေသနပြု ဖော်ထုတ်အသုံးချ

မြန်မာလူမျိုးများသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်း၊ ကိုယ့်ယဉ်ကျေးမှုနှင့် မျိုးရိုးဂုဏ်ရှိန်မြင့်မားစွာ ရပ်တည်လာခဲ့ကြသည့် လူမျိုးဖြစ်သည်။

ရှေးမြန်မာတို့သည် ဉာဏ်ရည်ဉာဏ်သွေးအရာ၌ မြင့်မားထက်မြက်ခဲ့ကြသည့်အလျောက် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ရေမြေသဘာဝ၊ ယဉ်ကျေးမှုဓလေ့စရိုက်၊ ထုံးတမ်းအစဉ်အလာများနှင့်အညီ ကိုယ်ပိုင်တွေးခေါ် တီထွင်ကြံဆမှုတို့ဖြင့် မြန်မာ့တိုင်းရင်းဆေးပညာများကို ဖော်ထုတ်နိုင်ခဲ့ကြသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် နက်နဲခက်ခဲသည့် ဆေးကျမ်းအသွယ်သွယ်၊ စွမ်းအင်ထက်မြက်သည့် ဆေးဝါးအဖုံဖုံ၊ ကြွယ်ဝလှသည့် ကုထုံးနည်းနာ အမျိုးမျိုးတို့ဖြင့် ကုံလုံပြည့်စုံပြီး ကျယ်ဝန်းနက်ရှိုင်းလှသည့် ပညာရပ်တစ်ခု ဖြစ်သည်။

မြန်မာ့ဆေးပညာရှင်များ၏ ကြိုးပမ်းစွမ်းဆောင်မှု၊ မြန်မာ့ရေမြေသဘာဝ၏ အခြေအနေပေးမှု၊ နိုင်ငံတော်အစိုးရ၏ အားပေးစောင့်ရှောက်မှု၊ တိုင်းရင်းသားပြည်သူများ၏ ယုံကြည်ကိုးစား အလေးထားမှုတို့ပေါင်းစပ်လျက် အစွမ်းထက် မြန်မာ့တိုင်းရင်းဆေးများသည် မြန်မာတို့၏ ကျန်းမာရေးနယ်ပယ်တွင် တွင်ကျယ်စွာ ဖြစ်ထွန်းလျက် ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် ဒီဇင်ဘာလ ၂၃ ရက်က မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆေးဝါးစက်ရုံ စီမံကိန်း(ပြင်ဦးလွင်)သို့ ရောက်ရှိပြီး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားရာ၌–

**"ပြည်နယ်နှင့်တိုင်းများ၌ ပေါက်ရောက်လျက်ရှိသော ပရဆေးပင်များကို စုံနိုင်သမျှ စုံလင်အောင် ထပ်မံစုဆောင်း စိုက်ပျိုးသွားရန်လိုကြောင်း၊ ထို့ပြင် ပရဆေးပင်အလိုက် အစွမ်းထက်မြက်မှုများကိုလည်း စနစ်တကျ သုတေသနပြုလုပ်သွားကြရန် ဖြစ်ကြောင်း၊ အဆိုပါ တိုင်းရင်းဆေးများ၏ အောင်မြင်မှု၊ စိတ်ချရမှုများနှင့်စပ်လျဉ်း၍ ခိုင်မာစွာ စမ်းသပ်ပြီးပါက စီးပွားဖြစ်ထုတ်လုပ်ပြီး ဆေးဝါးများကို ကျယ်ပြန့်စွာ အသုံးချသွားရန်ဖြစ်ကြောင်း"**

လမ်းညွှန် မိန့်ကြားသွားသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ နိုင်ငံတော်၏ ဆေးဝါးလိုအပ်ချက်ကို တိုးမြှင့်ဖြည့်ဆည်းပေးနိုင်ရန်အတွက် အစွမ်းထက်မြက်သော မြန်မာ့တိုင်းရင်းဆေးများကို အဆင့်အတန်းရှိရှိ ထုတ်လုပ်နိုင်အောင် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)က ငှက်ဖျား၊ တီဘီ၊ သွေးတိုး၊ ဆီးချို၊ ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါများ ကုသရေးနှင့်စပ်လျဉ်း၍ မြန်မာ့တိုင်းရင်းဆေးပင်များကို အသုံးပြုပြီး သုတေသနလုပ်ငန်းများပြုလုပ်ကာ ဆေးဝါးများထုတ်လုပ်နိုင်ရန် စတင်ဆောင်ရွက်နေပြီ ဖြစ်သည်။

ဆေးဝါးများထုတ်လုပ်နိုင်ရန်အတွက် တိုင်းရင်းဆေးပင်အမျိုးပေါင်း ၂၇၃ မျိုးကိုလည်း စုဆောင်းစိုက်ပျိုးထားပြီး ဖြစ်သည်။ ဆေးဝါးစက်ရုံစီမံကိန်း(ပြင်ဦးလွင်)မှ ပထမအဆင့် ဆေးဝါးထုတ်လုပ်ခြင်းကို ၂၀၀၅ ခုနှစ် မတ်လတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် ၂၀၀၆ ခုနှစ် နှစ်လယ်ပိုင်းတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

စီမံကိန်းပြီးစီးပါက ပြင်ဦးလွင် ဆေးဝါးစက်ရုံမှ ဆေးပြားအမျိုး ၁၀၀၊ ဆေးတောင့် ၁၇ မျိုး၊ ထိုးဆေး ၆၇မျိုး၊ သွေးကြောသွင်းဆေးရည် ကိုးမျိုး၊ ဆေးရည် ၁၀ မျိုး၊ လိမ်းဆေး ခုနစ်မျိုး၊ ဆေးမှုန့် သုံးမျိုး ထုတ်လုပ်သွားမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် အဖြစ်များသော အဓိကရောဂါကြီးခြောက်မျိုးကို ကုသနိုင်သည့် တိုင်းရင်းဆေးစွမ်းကောင်းများကို သုတေသနပြုဆောင်ရွက်ပြီး တိုင်းရင်းဆေးရုံများ၌ အသုံးပြုနိုင်သည့် အဆင့်အထိ ထုတ်လုပ်သွားနိုင်ရန် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းရင်းသား ပြည်သူများအား မြန်မာ့တိုင်းရင်းဆေးများဖြင့် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံမှုပေးနိုင်ရေးအတွက် အစွမ်းထက်တိုင်းရင်းဆေးများကို ခေတ်မီနည်းစနစ်ဖြင့် သုတေသနပြု ဖော်ထုတ်အသုံးချသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။




# အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၂၀၀၅ခုနှစ်တွင် တိုးတက်လာမည်ဟု မျှော်မှန်း

ဂျကာတာ ဒီဇင်ဘာ ၂၅

**အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် ၂၀၀၅ခုနှစ်တွင် စုစုပေါင်း နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှု၏ ၆၀ရာခိုင်နှုန်းရှိမည်ဟု မျှော်လင့်ရကြောင်း၊ စီးပွားရေးတိုးတက်မှု ၅ဒသမ၅ရာခိုင်နှုန်းရှိလာစေရေးအတွက် ရူပီ ၇၅၀ထရီလီယံ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန် ရည်မှန်းထားကြောင်း သိရသည်။**

**မျှော်လင့်**

နိုင်ငံ၏ ဘတ်ဂျက်ကို ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ၂၀ရာခိုင်နှုန်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၆၀ရာခိုင်နှုန်း အပါအဝင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ၂၀ရာခိုင်နှုန်း ခွဲဝေပေးသွားမည်ဟု မျှော်လင့်ရကြောင်း စီးပွားရေးဝန်ကြီး အဘူ ရီဇယ်ဘတ်ကီက ဂျကာတာ၌ ပြောကြားသည်။

ယင်းရင်းနှီးမြှုပ်နှံမှုကို ပြည်တွင်းထုတ်ကုန်၏ ၁၈ရာ ခိုင်နှုန်းကိုသာလျှင် ပြုလုပ်မည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှား နိုင်ငံ၏ဂျီဒီပီသည် သုံးစွဲမှုအပေါ်များစွာ တည်မှီနေကြောင်း၊ စုစုပေါင်းဂျီဒီပီ၏ ၇၀ရာခိုင်နှုန်းရှိကြောင်း ဗဟိုစာရင်းအင်းဌာနက ခန့်မှန်းထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ထိုင်းနှင့် လာအိုနှစ်နိုင်ငံ ကူးတို့ပို့ဆောင်ရေးဆက်သွယ်ပြုလုပ်မည်

**ဗန်ကောက် ဒီဇင်ဘာ ၂၅**

ထိုင်းနှင့် လာအိုနိုင်ငံတို့သည် လာမည့်နှစ်တွင် ပထမဆုံးအကြိမ်အဖြစ် နှစ်နိုင်ငံအကြား ကူးတို့ဆက်သွယ်မှု ပြုလုပ်မည်ဖြစ်ကြောင်း ထိုင်းသတင်းဌာနက သောကြာနေ့တွင် ကြေညာသည်။

လာအိုနိုင်ငံသည် လာအိုနိုင်ငံ ခမ်းမူယွန်ပြည်နယ်နှင့် ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်း နတ်ဟွန်းဖာနောင်ပြည်နယ်တို့အကြား ကူးတို့ဆိပ် ဆက်သွယ်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။

**လက်မှတ်ရေးထိုး**

နှစ်နိုင်ငံ ပို့ဆောင်ရေးဝန်ကြီးများသည် ယင်းစီမံကိန်းသဘောတူညီချက်ကို မကြာသေးမီက လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းစီမံကိန်းကို ထိုင်းအစိုးရက ငွေကြေးထောက်ပံ့မည်ဖြစ်ရာ ဘတ်ငွေ ၆၄သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၂သန်း) ကုန်ကျမည်ဟု ခန့်မှန်းထားသည်။

မဲခေါင်မြစ်ကိုဖြတ်၍ ကူးတို့ဆက်သွယ်မှုပြုလုပ်မည်ဖြစ်ပြီး ၂၀၀၅ ခုနှစ် နှောင်းပိုင်းတွင် ဖွင့်လှစ်နိုင်မည်ဟု သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# နိုင်ငံခြားမှပြန်ကြားရေးနှင့် ဆက်သွယ်ရေး နည်းပညာရှင်များ ထိုင်းနိုင်ငံ၏ အထူးဗီဇာ အစီအစဉ်ခံစားခွင့်ရှိမည်

**ဗန်ကောက် ဒီဇင်ဘာ ၂၅**

ထိုင်းရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့(ဘီအိုအိုင်)၏ အစီအစဉ်အရ နိုင်ငံခြားပြန်ကြားရေးနှင့် ဆက်သွယ်ရေး နည်းပညာ (အိုင်စီတီ) ကျွမ်းကျင်သူများသည် အထူးဗီဇာအစီအစဉ်ကို ခံစားခွင့် ရှိကြမည်ဖြစ်ကြောင်း ထိုင်းသတင်းဌာနက သတင်းထုတ်ပြန်လိုက်သည်။

**အသစ်လုပ်စရာမလို**

ဘီအိုအိုင်က ဗုဒ္ဓဟူးနေ့၌ ထုတ်ပြန်လိုက်သည့် ယင်းဗီဇာအစီအစဉ်တွင် လူဝင်မှုကြီးကြပ်ရေးဌာန အလုပ်အကိုင်နှင့်ဆော့ဖ်ဝဲလုပ်ငန်း ဖွံ့ဖြိုးရေးအေဂျင်စီ (အက်စ်အိုင်ပီအေ)တို့ကို ပူးပေါင်းထားပြီး အိုင်စီတီပညာရှင်များအနေဖြင့် ၎င်းတို့၏ဗီဇာကို အသစ်လုပ်စရာမလိုဘဲ ထိုင်းနိုင်ငံ၌ အလုပ်လုပ်ကိုင်မြဲ လုပ်နိုင်မည်ဖြစ်သည်။

**ထုတ်ပေးမည်**

ဆော့ဖ်ဝဲနှင့် ဘဏ်လုပ်ငန်းအပါအဝင် အဓိကစီးပွားရေးလုပ်ငန်းအများအပြားသည် နိုင်ငံခြား အိုင်စီတီပညာရှင်များ၏ လုပ်ငန်းတည်မြဲမှုရှိအောင် လုပ်ပေးနိုင်ခြင်းမရှိသည့်အတွက် လောလောဆယ်၌ အနှောင့်အယှက်ဖြစ်နေကြရကြောင်း အက်စ်အိုင်ပီအေ ညွှန်ကြားရေးမှူးချုပ်က ပြောကြား သည်။ ယခုလုပ်ဆောင်သည့် အထူးဗီဇာအစီအစဉ်ကြောင့် လာမည့်ငါးနှစ်တွင် ထိုင်းနိုင်ငံသို့ နိုင်ငံခြားအိုင်စီတီပညာရှင်ငါးထောင် လာရောက်ကြမည်ဟု ယုံကြည်ထားကြောင်း၊ အထူးဗီဇာ အစီအစဉ်သည် ဗီဇာကိုငါးရက်အတွင်း ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ရေနွေးကြမ်းသောက်သုံးပါလျှင် ခန္ဓာကိုယ်၌ အဆီဖြစ်မှုလျော့ကျ

ကူယန် ဒီဇင်ဘာ ၂၅

**ရေနွေးကြမ်းသောက်သုံးလျှင် ကိုယ်အလေးချိန်လျော့ကျကြောင်း၊ လူ့ခန္ဓာကိုယ်တွင်း၌ရှိသော အဆီကို ရေနွေးကြမ်းက လျော့ကျစေနိုင်ကြောင်း တရုတ်တိုင်းရင်းဆေးဆရာများက အခိုင်အမာ ပြောဆိုကြသည်။**

ရေနွေးကြမ်းသောက်သုံးသူများသည် ၎င်းတို့၏ ခန္ဓာကိုယ်တွင်း၌ အဆီလျော့နည်းကြပြီး ရေနွေးကြမ်း မည်သည့်အခါမှ မသောက်သုံးသူများထက် အဝလွန်မှု နည်းပါးကြောင်းကို ကူယန်တရုတ်ရိုးရာဆေးဝါးဌာနက သုတေသနပြုလုပ်တွေ့ရှိခဲ့ရသည်။

ရေနွေးကြမ်းကို ၁၀နှစ်သောက်သုံးသူ၌ရှိသော အဆီသည် ရေနွေးကြမ်း မသောက်သုံးသူ၌ရှိသော အဆီ ထက် ၂၀ရာခိုင်နှုန်းလျော့သည်ကို တွေ့ရကြောင်း ကူကျို့ ပြည်နယ်ဆေးရုံမှ ဆရာဝန်ရှောင်က ပြောကြားသည်။

တရုတ်ရိုးရာ ရေနွေးကြမ်းကို သောက်သုံးခြင်း ကြောင့် ခန္ဓာကိုယ်အလေးချိန်လျော့ကျခြင်းကို အမျိုးသမီးများတွင် ပိုသိသာကြောင်း၊ ရေနွေးကြမ်းသောက်သုံးသော အမျိုးသမီးများသည် ခန္ဓာကိုယ်၌ အဆီ ၃၀ရာခိုင်နှုန်း လျော့ကျသည်ကို တွေ့ရှိရပြီး၊ ဗိုက်သားအဆီ ၅ရာခိုင်နှုန်း လျော့ကျကြောင်းကို ရေနွေးကြမ်းမသောက်သည့် အမျိုးသမီးများနှင့် နှိုင်းယှဉ်ကြည့်လျှင် သိသာကြောင်း ဆရာဝန်ရှောင်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## တွဲသောလက်တွေ ခိုင်မြဲစေ

❐ သူ့အောက်မခံ၊ ထိလျှင်ချမည်
ဒို့ဘ ဒို့ဘေး၊ မျိုးချစ်သွေးပေါ့။
တုံးဆိုလျှင်တိုက်၊ ကျားဆိုကိုက်ပစေ
မငိုက်ဦးခေါင်း၊ မတိမ်းစောင်းသည်
လမ်းကြောင်းတည့်မတ်၊ ဒို့စိတ်ဓာတ်ပေါ့။

❐ ဟေ့-ဟေ့-ဟေ့-ဟေ့
ဟေ့ပေါင်းများစွာ၊ ရင်မှာလှုပ်နှိုး
ဒို့မျိုးချစ်သွေး၊ နီစွေးစွေးဖြင့်
လေးနက်ခိုင်မတ်၊ ဒို့စိတ်ဓာတ်ဖြင့်
လွတ်လပ်ရေးပန်း၊ ရအောင်လှမ်းခဲ့
စိတ်ဝမ်းညီတူ၊ အောင်ပန်းချူသည်
ပြည်သူနှင့် တပ်မတော်အောင်ပွဲတည်း။

❐ တပ်မတော်နှင့်ပြည်သူ
အတူလက်တွဲ၊ ရင်ဆိုင်နွှဲ၍
မလွဲမုချ၊ ပိုင်ခဲ့ရသည့်
မြန်မာ့လွတ်လပ်ရေး၊ အသက်သွေးကို
ဝေးနီးရန်စွယ်၊ အသွယ်သွယ်တို့
ခုတ်ပယ်ချိုးရန်၊ ဘယ်သို့ကြံလည်း
ဒို့မာန် ဒို့ဒွဲ၊ ခိုင်ခိုင်မြဲလျက်
လက်တွဲညီညာ၊ ကာကွယ်ပါခဲ့
ခုခါ ခုဝယ်၊ နည်းသွယ်သွယ်ဖြင့်
နယ်ချဲ့လက်သစ်၊ ပြူမြဲဖြစ်သည့်
နည်းသစ်အများ၊ သတိထားလော့
မစားရအမဲ၊ သဲဖြင့်ပက်မည်၊ အကြံအစည်ကို
ပြည်သူသတိ၊ အစဉ်ရှိလော့
မိမိလူမျိုး၊ ဂုဏ်မညှိုးအောင်
အမျိုးချစ်စိတ်၊ ပြည်ချစ်စိတ်ဖြင့်
စိတ်ဓာတ်ခိုင်ခိုင်၊ ဇွဲခိုင်ခိုင်ဖြင့်
နိုင်ငံတော်အတွက်၊ တွဲသောလက်တို့
မပျက်စေရန်၊ ဒို့ဓိဋ္ဌာန်သည်
မြန်ပြည်သားဖို့ အကြောင်းတည်း။ ။

**စိုးမိုး (ပုသိမ်)**

## ကျောက်ပန်းတောင်း ဆရာတော်တရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်မြို့ မဟာစည်သာသနာ့ ရိပ်သာ နာယက မြို့နယ်သံဃနာယက ဒုတိယဥက္ကဋ္ဌ မဟာကမ္မဋ္ဌာနာစရိယ ဓမ္မာစရိယ ဘဒ္ဒန္တကုမာရ ကျောက်ပန်း တောင်းဆရာတော်သည် ဒီဇင်ဘာ ၂၇ရက်ညတွင် သုံးခွမြို့ မဟာဗောဓိ စာသင်တိုက်၊ ၂၈ရက်ညတွင် မြောက် ဥက္ကလာပ သဒ္ဓမ္မဝံသဓမ္မရိပ်သာ၊ ၂၉ ရက်ညနေတွင် ပုဇွန်တောင် လယ်တီစံ ဓမ္မသဘင်၊ ၃၀ရက်ညတွင် ကျောက် ပန်းတောင်းမြို့ သာသနာ့ဗိမာန်၊ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၂ရက် ညတွင် တောင်ဥက္ကလာပ (၉) ရပ်ကွက် ကျော်သူလမ်း တြိရတနရက္ခိတဓမ္မာရုံ၊ ၃ရက်ညတွင် မြောက်ဥက္ကလာပ သီရိ မင်္ဂလာ မဟာစည်ဓမ္မဗိမာန်၊ ၁၀၊ ၁၁ရက်ညများတွင် မြောက်ဥက္ကလာပ သာသနာ့လင်းရောင်ခြည်ဓမ္မာရုံတို့၌ ညစဉ်တရားတော်များ ဟောကြားမည် ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

## (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး အတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲပူးပေါင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး။

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ် စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေး အတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင် အထည်ဖော် ဆောင်ရွက်ရေး။





## မြန်မာ့ရုပ်မြင်သံကြား

၂၇-၁၂-၂၀၀၄
(တနင်္လာနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရ ဘိဝံသ၏ ပရိတ်တရားတော်

၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာ ဘိဝံသ(ယောဆရာတော်) ဟော ကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်

၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ

၈:၀၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၈:၁၅ ၈။ အဆိုပြိုင်ပွဲ

၈:၃၀ ၉။ International News

၈:၄၅ ၁၀။ Grammar made Easy

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ Practice in Reading

၁၆:၄၅ ၄။ တေးဂီတအစီအစဉ်

၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ

၁၇:၁၅ ၆။ အကပဒေသာ

၁၇:၃၀ ၇။ **(၅၇)နှစ်မြောက် လွတ်လပ်ရေး နေ့ ဂုဏ်ပြုအစီအစဉ်**

၁၇:၄၀ ၈။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအဆိုအကများ

၁၇:၅၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)

၁၈:၀၅ ၁၀။ Discovery

၁၈:၁၅ ၁၁။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း" (အပိုင်း-၅၃)**

၁၈:၃၀ ၁၂။ ညနေခင်းသတင်း

၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ

၁၉:၀၅ ၁၄။ မြန်မာစာ၊ မြန်မာစကား

၁၉:၁၅ ၁၅။ စက်မှုစွမ်းအား ခေတ်ကျော်လွှား

၁၉:၃၀ ၁၆။ တေးဂီတအစီအစဉ်

၁၉:၄၅ ၁၇။ **အချုပ်အခြာအာဏာ ခွန့်ရှည် ကြာ ခိုင်မာစေမှု ဒို့ရှေးရှု "မျိုးချစ်စိတ်ဖြင့် ဆွတ်ယူ ကြိုးပမ်း လွတ်လပ်ရေး အောင်ပန်း" (အပိုင်း-၁)**

၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"(အပိုင်း-၂၅)**

၂၂။ နောက်တစ်နေ့အစီအစဉ်

၂၃။ အစီအစဉ်ပြီး၏။

## အထက(၄)ဗိုလ်တထောင် မြတ်ဆရာ ပူဇော်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ဗိုလ်တထောင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း နှင့် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ဘရန့်(ချ်)ကွန်ဗင့် ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ယနေ့ နံနက် ၁၀နာရီတွင် အဆိုပါကျောင်းရှိ သီရိမာလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်တထောင်မြို့နယ် ပညာရေးမှူး ဦးသက်ရှည်နှင့် ဗိုလ်တထောင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ကန်တော့ခံဆရာမကြီးများက ဩဝါဒစကားပြောကြား ကြပြီး ကျောင်းသူများက ကန်တော့ခံဆရာမကြီး ၁၀၅ ဦးတို့အား ကန်တော့ ငွေနှင့် လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**



# လုပ်ငန်းရှင်များ၏ အကျိုးသာမက နိုင်ငံ့အကျိုး၊ ပြည်သူများ၏အကျိုး မျှတစွာစဉ်းစားဆောင်ရွက် နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော် စည်းစည်းလုံးလုံးဖြင့် နိုင်ငံတော်ကို ဆက်လက်ကာကွယ်တည်ဆောက်



**လမ်းညွှန်မှာကြား**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးလုပ်ငန်းပုံစံငယ်အား ကြည့်ရှုပြီး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားစဉ်။** (သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဒီဇင်ဘာ၂၅ရက် မွန်းလွဲ၂နာရီတွင် ရောဝတီတံတား (ရတနာပုံ) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## လုပ်ငန်းပြီးစီးမှုတင်ပြ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ရှေးဦးစွာ မန္တလေးဘက်ကမ်းရှိ ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ရောဝတီတံတား(ရတနာပုံ)၏ တည်နေရာ၊ တံတားနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ အကြိုအင်ဂျင်နီယာလုပ်ငန်းများဆောင်ရွက်ခဲ့မှုများ၊ တံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ခဲ့မှုများ၊ မန္တလေးဘက်ကမ်းနှင့် စစ်ကိုင်းဘက်ကမ်း နှစ်ဖက်စလုံးမှတည်ဆောက်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်းဆောင်ရွက်နေမှုများ၊ တံတားသံပေါင်တပ်ဆင်ခြင်း မှတ်တမ်းဓာတ်ပုံများ၊ လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တံတားတည်ဆောက်ရေးစီမံကိန်းအတွက် ဘိလပ်မြေ၊ သံချောင်းနှင့် စက်သုံးဆီရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးထားမှုများကို ရှင်းလင်းတင်ပြသည်။

## အမြန်ဆုံးစောပြီးစီးအောင်

ထို့နောက် မန္တလေးဘက်ကမ်း ချဉ်းကပ်တံတားနှင့်ချဉ်းကပ်လမ်းပုံစံငယ်ကို ထပ်မံရှင်းလင်းပြသကြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ရောဝတီတံတား(ရတနာပုံ)တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို အမြန်ဆုံးစောပြီးနိုင်သမျှ ပြီးစီးအောင်ဆောင်ရွက်ရန် လမ်းညွှန်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် စစ်ကိုင်းဘက်ကမ်း တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှုနှင့် ရေလယ်တိုင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ကြိုတင်စီမံထားမှုများကို ရှင်းလင်းဆောင်ရှေ့ ရှုရပ်မှ ကြည့်ရှုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မန္တလေးဘက်ကမ်းချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် RP 1 နှင့် RP 2ကြား တံတားသံပေါင်တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

## ရောဝတီတံတား(ရတနာပုံ)

ရောဝတီတံတား(ရတနာပုံ)၏ ပင်မတံတားမှာ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်ပြီး ချဉ်းကပ်တံတားများမှာ သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းတံတားအမျိုးအစားဖြစ်သည်။

တံတား၏ စုစုပေါင်းအရှည်မှာ ၅၆၁၄ ပေရှိမည်ဖြစ်ပြီး ပင်မတံတား ၃၆၉၄ပေနှင့် မန္တလေးဘက်ကမ်းချဉ်းကပ်တံတား အရှည်ပေ၁၁၄၀၊ စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်တံတား အရှည်ပေ ၇၈၀ရှိမည်ဖြစ်သည်။ တံတား၏ ယာဉ်တစ်စီးချင်း ခွင့်ပြုတန်မှာ တန်၆၀ဖြစ်ပြီး ၄၉ပေကျယ် လေးလမ်းသွားတံတားအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။ တံတားတွင်တစ်ဖက်လျှင် ငါးပေစီကျယ်သည့် လူသွားလမ်းပါရှိသည်။

## ချဉ်းကပ်တံတားပြီးစီးမှု

မန္တလေးဘက်ကမ်း ချဉ်းကပ်တံတားတည်ဆောက်ရေး လုပ်ငန်းများတွင် ချဉ်းကပ် တံတားတိုင် ၁၇တိုင် အနက် ၁၆တိုင်ပြီးစီးနေပြီဖြစ်သည်။ ဘိုးပိုင် အလုံး ၁၇၀တွင် အလုံး ၁၆၀တူးပြီးနေပြီဖြစ်သည်။ ရက်မအချောင်း ၁၇၀ တွင် ၁၀၅ချောင်းတင်ပြီးဖြစ်သည်။

စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်တံတားတည်ဆောက်ရေးလုပ်ငန်းများတွင် ချဉ်းကပ်တံတားတိုင် ၁၁တိုင်လုံး ပြီးစီးနေပြီဖြစ်သည်။ ဘိုးပိုင်တူးခြင်းလုပ်ငန်း၌လည်းအလုံး ၁၁၀ အားလုံးတူးပြီးဖြစ်သည်။ ရက်မအချောင်း ၁၁၀ တွင် အချောင်း ၉၀တင်ပြီးဖြစ်သည်။

ပင်မတံတားရေလယ်တိုင် ရှစ်တိုင် အနက် လေးတိုင် ပြီးစီးပြီး ဘိုးပိုင် ၁၉၁ လုံးတွင် ၁၃၈လုံး တူးဖော်ပြီးဖြစ်သည်။



**ရောဝတီတံတား(ရတနာပုံ) မန္တလေးဘက်ကမ်း RP˚1 နှင့် RP˚2အကြား တံတားသံပေါင်တပ်ဆင်ပြီးစီးမှုကို တွေ့ရစဉ်။** (သတင်းစဉ်)

တံတားသံပေါင် တပ်ဆင်ခြင်းလုပ်ငန်းတွင် မန္တလေးဘက်ကမ်းနှင့် စစ်ကိုင်းဘက်ကမ်းနှစ်ဖက်စလုံး၌ ၁၃၆မီတာစီ တပ်ဆင်ပြီးဖြစ်ကြောင်းသိရသည်။

## ကြည့်ရှုစစ်ဆေး

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီးနောက် မန္တလေးမြို့ ကမ်းနားလမ်း ရှစ်လမ်းသွားလမ်းမကြီး အခြေအနေ၊ မန္တလေးကန်တော်ကြီး ဖွံ့ဖြိုးသာယာလှပမှုနှင့် သင်္ဘောချောင်းသန့်ရှင်းသာယာရေး ဆောင်ရွက်ထားမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်၁၀နာရီတွင် ရန်ကုန်-မန္တလေး လမ်းမကြီးပေါ်ရှိ တံတားအမှတ် ၁/၄၂၂ မြစ်ငယ်တံတား တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိပြီး ရှေးဦးစွာ တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးအထူးအဖွဲ့(၁၂) အင်ဂျင်နီယာမှူး(မြို့ပြ)ဦးစိုးမင်းက မြစ်ငယ်တံတား၏တည်နေရာ၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ဆက်လက်ဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြစ်ငယ်တံတားတည်ဆောက်ရေးလုပ်ငန်း အများစုမှာ ပြီးစီးနေပြီဖြစ်ရာ သပ်ရပ်ခံ့ညားထည်ဝါသည့် တံတားကြီးဖြစ်အောင် ဆက်လက်ဆောင်ရွက်ကြရန် လမ်းညွှန်သည်။

မြစ်ငယ်တံတား၏ အုတ်မြစ်မှာ သံကူကွန်ကရစ် လွန်တူးပိုင်အမျိုးအစားဖြစ်ပြီး ကိုယ်ထည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။ တံတား၏အပေါ်ထည်မှာ ကြိုတင်အားဖြည့် ကွန်ကရစ်+သံကူ ကွန်ကရစ်အမျိုးအစားဖြစ်သည်။

ပင်မတံတားမှာ ပေ၆၀၀ရှည်မည်ဖြစ်ပြီး ရန်ကုန်ဘက်ကမ်းနှင့် မန္တလေးဘက်ကမ်းချဉ်းကပ်တံတားများမှာ ပေ ၁၂၀ စီရှိမည်ဖြစ်သည်။

## ၇၅တန်ခွင့်ပြုနိုင်

ယာဉ်သွားလမ်း အကျယ်၇၂ပေပါရှိမည့် ခြောက်လမ်းသွား တံတားကြီးဖြစ်ပြီး တံတား၏ဘေးတစ်ဖက်စီ၌ လေးပေစီကျယ်သည့် လူသွားလမ်းပါရှိသည်။ ယာဉ်တစ်စီးချင်း ၇၅တန် ခွင့်ပြုနိုင်သည့် တံတားကြီးဖြစ်သည်။

ယခုအခါ မြစ်ငယ်တံတား၏ တည်ဆောက်ရေးလုပ်ငန်းများမှာ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မြစ်ငယ်တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မြစ်ငယ်-ထုံးဘို-ပြင်ဦးလွင် ဖြတ်လမ်းကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၅ ကော်လံ ၁






**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း မန္တလေးဘက်ကမ်းရှင်းလင်းဆောင်မှ တံတားတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစဉ်။**
(သတင်းစဉ်)

**စာမျက်နှာ ၄မှ**

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသည့် မြို့ပတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မွန်းတည့်၁၂နာရီတွင် မတ္တရာမြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့သူမြို့သားများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မတ္တရာမြို့မှ ပြန်လည်ထွက်ခွာ၍ မြို့ပတ်လမ်းများကို ကြည့်ရှုစစ်ဆေးကြပြီး မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက မန္တလေးမြို့ မြို့ပတ်လမ်းကိုဖောက်လုပ်လျက်ရှိသည်။ မြို့ပတ်လမ်းမှာ မန္တလေး-မတ္တရာလမ်းမှ စစ်ကိုင်း-မန္တလေး-ဒွေးလမ်းဆုံ ၁၀/၇မိုင်အထိ ၁၅ ဒသမ ၆ မိုင်၊ စစ်ကိုင်း-မန္တလေး-ဒွေးလမ်း ၁၀/၇မိုင်မှ ပြင်ဦးလွင်-မန္တလေးလမ်းအထိ ၁၆ မိုင်၊ ပြင်ဦးလွင်-မန္တလေးလမ်းမှ မန္တလေး-မတ္တရာလမ်းအထိ ၂၀ မိုင် ၈ ဖာလုံ စုစုပေါင်း ၅၂ မိုင် ၄ ဖာလုံ ရှည်မည်ဖြစ်သည်။

## တိုင်းရင်းဆေးတက္ကသိုလ်ကြည့်ရှု

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့သို့ရောက်ရှိပြီးနောက် ယနေ့နံနက်ပိုင်းတွင် ဖွင့်လှစ်ခဲ့သည့် တိုင်းရင်းဆေးတက္ကသိုလ်အဆောက်အအုံကို သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး တပ်မတော်လေယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာကြရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

## ၁၂ရက်ကြာလှည့်လည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒီဇင်ဘာ၁၅ရက်မှ ယနေ့ ဒီဇင်ဘာ၂၆ရက်အထိ မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း အတွင်းရှိ ဒေသများသို့ ၁၂ ရက်ကြာ လှည့်လည်သွားရောက်ခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒီဇင်ဘာ ၁၇ ရက်တွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၇) သင်တန်းဆင်းပွဲနှင့် ဒီဇင်ဘာ ၂၄ ရက်တွင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်းပွဲတို့သို့ တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

## သံထည်ပစ္စည်းထုတ်လုပ်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြင်ဦးလွင်မြို့ရှိ အမှတ်(၁)သံနှင့် သံမဏိစက်ရုံကို ကြည့်ရှုစစ်ဆေးပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သော သံထည်ပစ္စည်းများ ထုတ်လုပ်ဖြည့်ဆည်းပေးရေးတို့ကို မှာကြားခဲ့သည်။

ပြင်ဦးလွင်ခရိုင် ပြည်သူ့ဆေးရုံကြီး ဆေးဝါးစက်ရုံစီမံကိန်း(ပြင်ဦးလွင်)၊ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)တို့ကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြင်ဦးလွင်ခရိုင် ပြည်သူ့ဆေးရုံကြီးကို ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးအဖြစ် တိုးမြှင့်ပြီး စိတ်အေးချမ်းသာစွာ ဆေးကုသခံနိုင်ရေး၊ Health Resort° မျိုးဖန်တီးရေးတို့အတွက် လိုအပ်သောအဆောက်အအုံများ တိုးချဲ့မွမ်းမံဆောက်လုပ်ရေးတို့ကို မှာကြားခဲ့သည်။

ထို့ပြင် အစွမ်းထက်သည့် တိုင်းရင်းဆေးဝါးများကို သုတေသနပြုထုတ်လုပ်နိုင်ရေး၊ ထုတ်လုပ်ရာ၌ ဈေးနှုန်းသက်သာအောင် ထုတ်လုပ်နိုင်ရေးတို့ကို လမ်းညွှန်ခဲ့သည်။

## အလေးထားဆောင်ရွက်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရေအားလျှပ်စစ် မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်နိုင်မည့် မန္တလေးတိုင်းမှ ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းများကို ဖြစ်နိုင်သမျှ စော၍ပြီးစီးအောင်၊ အရည်အသွေးအဆင့်အတန်းမီအောင် အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ထို့ပြင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စိုက်ပျိုးရေပေးဝေပြီး ရေအားလျှပ်စစ်ထုတ်ယူရရှိမည့် မဏိပူရရေလှောင်တမံစီမံကိန်း၊ ဂန့်ဂေါမြို့နယ်မှ မြစ်သာရေလှောင်တမံစီမံကိန်း၊ စေတုတ္တရာမြို့နယ်မှ ဖူးရွာရေလှောင်တမံစီမံကိန်းနှင့် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း၊ ပွင့်ဖြူမြို့နယ်မှ ကြီးအုံ-ကြီးဝ ရေလှောင်တမံ စီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးစဉ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတို့သည် အဓိက အရေးကြီးသည့် ကဏ္ဍများဖြစ်ကြောင်း။

## အကောင်အထည်ဖော်

ထို့ကြောင့် စိုက်ပျိုးရေပေးဝေပြီး ရေအားလျှပ်စစ်ထုတ်ယူရရှိမည့် ရေလှောင်တမံစီမံကိန်းများသည် နိုင်ငံတော်အတွက်အရေးပါသည့် စီမံကိန်းလုပ်ငန်းများဖြစ်၍ ဖြစ်နိုင်သမျှအမြန်ပြီးစီးအောင် စီမံကိန်းလုပ်ငန်းများကို တစ်ခုပြီးမှ တစ်ခု အကောင်အထည်ဖော်သည့်ပုံစံမျိုးမဟုတ်ဘဲ တစ်ခုနှင့်တစ်ခု တစ်ပြိုင်တည်း ချိတ်ဆက်၍ အကောင်အထည်ဖော်သွားကြရန် လမ်းညွှန်မှာကြားခဲ့သည်။

## နန်းမြင့်မျှော်စင်ဟိုတယ်စစ်ဆေး

ပူပြင်းခြောက်သွေ့ပြီး ရေရှားပါးသည့်ဒေသများ စိမ်းလန်းစိုပြည်ရေး၊ မိုးစပါးတစ်သီး မဖြစ်မနေစိုက်ပျိုး၍ ဒေသဝမ်းစာဖူလုံလာစေရေး၊ အခြားသီးနှံများစိုက်ပျိုးဖြစ်ထွန်းပြီး ဒေသခံပြည်သူများ ဝင်ငွေတိုးပွားလာစေရေး ဟူသည့်ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ် မြစ်ရေတင်စီမံကိန်းများအနက် ညောင်ဦးမြို့နယ်မှ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ကျောက်ကူးလျှပ်စစ်မြစ်ရေတင်စီမံကိန်းတို့ကို သာမက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့် ပုဂံရွှေနန်းတော် တည်ဆောက်ရေးစီမံကိန်း၊ နန်းမြင့်မျှော်စင်နှင့် နန်းမြင့်မျှော်စင် ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာအားလုံး၌ ဖြစ်နိုင်သမျှ မိုးစပါးတစ်သီးမဖြစ်မနေစိုက်ပျိုးပြီး ကျန်ရာသီကာလ၌ ဖြစ်ထွန်းနိုင်သည့် စိတ်ကြိုက်သီးနှံများကို စိုက်ပျိုးသွားရန် မှာကြားတိုက်တွန်းခဲ့သည်။

## မျှတစွာစဉ်းစား

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရေနံချောင်းစက်မှုဇုန်ကို ဝင်ရောက် အားပေးပြီး နိုင်ငံတော်အနေဖြင့် စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲအားပေး ပံ့ပိုးသွားမှာဖြစ်ကြောင်းနှင့် လုပ်ငန်းများအားပေးဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များ၏အကျိုးကိုသာမက နိုင်ငံတော်၏အကျိုး၊ ပြည်သူများ၏ အကျိုးကိုလည်း မျှတစွာဆက်စပ်ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် မှာကြားခဲ့သည်။

## ရလဒ်ကောင်းများရရှိ

နိုင်ငံတော်အနေဖြင့် အခက်အခဲ၊ အကန့်အသတ်၊ အတားအဆီးအမျိုးမျိုးကြားမှပင် မိမိနိုင်ငံ၊ မိမိလူမျိုးဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် ခံယူချက်ဖြင့် နိုင်ငံတော်နှင့်ပြည်သူ တစ်သားတည်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများ ရရှိလာခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မကွေးမြို့၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံစဉ် နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် နိုင်ငံတော်ကို ဆက်လက်ကာကွယ် တည်ဆောက်ကြရမည်ဖြစ်ကြောင်း ထပ်မံမှာကြားလမ်းညွှန်ခဲ့သည်။

## ကြိုးပမ်းတည်ဆောက်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြောင်းလဲတိုးတက်များပြားလာသည့် စစ်ကိုင်းနှင့်မန္တလေးအကြား ယာဉ်သွားလာမှုကို ချောမွေ့လွယ်ကူသွားစေရန် တည်ဆောက်ပေးလျက်ရှိသည့် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကိုလည်း ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလထက်စော၍ပြီးစီးအောင် ကြိုးပမ်းတည်ဆောက်ကြရန်မှာကြားခဲ့သည်။

**(သတင်းစဉ်)**

# ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများရရှိ

နိုင်ငံတော်အနေဖြင့် အခက်အခဲ၊ အကန့်အသတ်၊ အတားအဆီး အမျိုးမျိုးကြားမှပင် မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် ခံယူချက်ဖြင့် နိုင်ငံတော်နှင့်ပြည်သူ တစ်သားတည်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများ ရရှိလာခဲ့ခြင်းဖြစ်။

# ပညာရေးစုံညီပွဲတော်

**(၂၈-၁၂-၂၀၀၄ မှ ၃-၁-၂၀၀၅)**

**SCHOOL FAMILY DAY**
**(28/12/2004 to 3/1/2005)**



## ဘေးမဲ့လွှတ်ကုသိုလ်ပြု

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ငှက်များကို ဘေးမဲ့လွှတ်၍ ကုသိုလ်ပြုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် မေတ္တာကန်၌ ငါးနှင့်လိပ်များကို အစာကျွေး၍ ဒါနပြုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားအား လှည့်လည်ကြည်ညိုကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ၁နာရီခွဲတွင် မန္တလေးမြို့ မဟာမုနိဘုရားကြီးသို့သွားရောက်၍ ရှေးဦးစွာ မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မှတ်တမ်းဓာတ်ပုံများကိုကြည့်ရှုကြပြီး မဟာမုနိရုပ်ရှင်တော်မြတ်သီတင်းသုံးသည့် ကျောင်းတော်ကြီးကို လှည့်လည်ကြည့်ရှုကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုတို့က ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**✻ ကျောဖုံးမှ**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ဒီဇင်ဘာ၂၅ရက် မွန်းတည့် ၁၂နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့မှ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့သို့ ရောက်ရှိပြီး ရာဇမဏိစူဠာကောင်းမှုတော်ဘုရားသို့ ဆက်လက်သွားရောက်ကြရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

## ဖူးမြော်ကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် တောင်ဘက်မုခ် အာရုံခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ဆီမီး၊ သစ်သီးတို့ ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ရာဇမဏိစူဠာကောင်းမှုတော်ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

# စက်မှုတက္ကသိုလ်ကျောင်းသားဟောင်းများ ဆရာပူဇော်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ကူညီပံ့ပိုးမှုဖြင့် ပထမအကြိမ် စက်မှုတက္ကသိုလ် ကျောင်းသားကျောင်းသူဟောင်းများ၏ ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ၂၀၀၄ကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Center ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းခိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် စက်မှုတက္ကသိုလ် ကျောင်းသားဟောင်းများ ကိုယ်စား ကျောင်းသားဟောင်း ဒုတိယဗိုလ်မှူးကြီး အောင်သူချမ်းနှင့် ကျောင်းသားဟောင်းများကိုယ်စား ကျောင်းသားဟောင်း ဦးဘန်နီတန်တို့က ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများက ပိုဒ်စုံရတု၊ ကန်တော့ချိုးတို့ဖြင့် ပူဇော်ကန်တော့ကြပြီး ကန်တော့ပစ္စည်းများ ဂါရဝပြုပေးအပ်ကြကာ အငြိမ်းစား ဆရာ၊ ဆရာမကြီးများဖြစ်ကြသည့်ဒေါက်တာအောင်ကြီး၊ ဆရာကြီး ဦးအောင်ခင်၊ ဆရာကြီး ဦးဘတုတ်၊ ဆရာကြီး ဦးခင်အောင်ကြည်နှင့်ဆရာကြီးဦးထွန်းရွှေတို့က ဆုံးမဩဝါဒစကားများ ပြောကြားကြသည်။

**(သတင်းစဉ်)**



# ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) နှစ်(၅၀)ပြည့်ရွှေရတုပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၉ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ဘိုကလေးမြို့မ ဆွမ်းလောင်းအသင်းဓမ္မာရုံကြီး၌ ကွယ်လွန်သွားကြပြီးသော နာယကများနှင့် အမှုဆောင်လူကြီးများအား ရည်စူး၍ ဆွမ်းသွတ်တရားနာခြင်းနှင့် လူမှုရေးကူညီမှု ငွေလှူဒါန်းခြင်းများဖြင့် ကျင်းပမည်ဖြစ်သည်။

ရွှေရတုပွဲသို့လိုက်ပါလိုသူအသင်းသူအသင်းသားများ၊ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများ ကံ့ကော်တစ်ထောင်ဘုရားဖူး လိုက်ပါလိုသူများသည် ဦးတင့်ဇော် (ဥက္ကဋ္ဌ) ဖုန်း-၂၉၁၃၃၈၊ ဦးတင်မောင်မြင့်(အတွင်းရေးမှူး) ဖုန်း-၅၀၁၆၆၃-၂၄၄၊ ဒေါ်မြင့်မြင့်စိန် (ဘဏ္ဍာရေးမှူး) ဖုန်း-၅၄၃၇၂၄နှင့် အသင်းတိုက် ဖုန်း-၂၁၂ ၅၀၈ တို့သို့ ဆက်သွယ်ကြရန်ဖြစ်သည်။

ရွှေရတုခရီးစဉ်ကို ဇန်နဝါရီ ၈ ရက် (စနေနေ့) နံနက်၇နာရီတွင် မော်တင်ဆိပ်ကမ်း (လမ်းသစ်ဇောတံတား)မှ ထော်ပိုင်ရေယာဉ်ကြီး ဖြင့် ထွက်ခွာပြီး ဇန်နဝါရီ၁၀ရက် (တနင်္လာနေ့)ညနေ၆နာရီတွင်ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

# မြဝတီရုပ်မြင်သံကြား

**၂၇-၁၂-၂၀၀၄**
**(တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြန်မြန်မာ

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Mathematical Induction (ပထမနှစ်) စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ
- ၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မင်္ဂဇင်းကဏ္ဍ
- ၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သပွတ်အူပမာ"** (အပိုင်း-၁၆)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း-၃၀)

# ဇီဝိတဒါနသံဃာ့ဆေးရုံ နိဗ္ဗာန်ဈေးအလှူမင်္ဂလာ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ် ၃၈ ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏(၁၅)ကြိမ်မြောက် နိဗ္ဗာန်ဈေးအလှူမင်္ဂလာပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄နာရီတွင် အဆိုပါ ဆေးရုံကြီးဝင်း အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁)ဦးသိန်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာသည်။

ထို့နောက်ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘညာဏ်(ငြိမ်း)က နိဗ္ဗာန်ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရခြင်းနှင့် ဆေးရုံကြီး၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြသည်။

ထို့နောက်အဆိုတော်ခင်စိုးဝင်းက စောင်းဦးသိန်းဟန်ကြီးနှင့် တွဲဖက်၍ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး အလှူမင်္ဂလာ ရတုပိုဒ်စုံကိုသီဆိုဂုဏ်ပြုသည်။ ယင်းနောက် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးကိုကိုကြီး၊ ဆေးကုသမှုဆိုင်ရာ အကြံပေးအဖွဲ့အတွင်းရေးမှူးပါမောက္ခ ဒေါက်တာအောင်သန်းဘတူနှင့်ဗဟန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင်တို့ကအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**(က-ပ)**

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ပေးထားသည့် ဆည်တစ်ခုများ

စိုက်ပျိုးမြေ ဧက ၂၀၀၀ ကို စိုက်ပျိုးရေပေးဝေရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က မကွေးတိုင်း နတ်မောက်မြို့နယ် ကျောက်တံခါးကျေးရွာအနီး ကျောက်တံခါးချောင်းပေါ်၌တည်ဆောက်ပေးခဲ့သည့် ကျောက်တံခါးရေလှောင်တမံကို ဤသို့ တွေ့ရသည်။ *(ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)*





မကွေးတိုင်း အောင်လံမြို့နယ်အတွင်း စိုက်ပျိုးမြေဧက ၁၂၀၀၀ ကို ရေပေးဝေလျက်ရှိသည့် ဘွက်ကြီးရေလှောင်တမံ ရေထုတ်ပြွန် လက်ယာတူးမြောင်းမှ ရေပေးဝေနေသည့် မြင်ကွင်းကို ဤသို့ တွေ့ရသည်။ *(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)*

**(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက် စိုက်ပျိုးရေရရှိရေးဆောင်ရွက်မှုများ**

| စဉ် | အကြောင်းအရာ | ၁၉၈၈ မှ ၂၀၀၄ ထိ |
|---|---|---|
| ၁။ | တည်ဆောက်ပြီး ဆည်မြောင်းတာတမံ | ၁၆၈ |
| ၂။ | တည်ဆောက်ဆဲ ဆည်မြောင်းတာတမံ | ၃၅ |
| ၃။ | အကျိုးပြုလယ်မြေဧက | ၂၁၅၀၀၀၀ |

မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့၏မြောက်ဘက် နှစ်မိုင်ခန့်အကွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)က တာဝန်ယူ တည်ဆောက်ခဲ့သည့် အမြင့်ပေ ၂၀၀၊ အလျားပေ ၆၄၉၀ ရှိ မြေသားတမံအမျိုးအစားဖြင့် ဆောက်လုပ်ထားသည့် မုန်းချောင်းဘက်စုံရေလှောင်တမံ၏မြင်ကွင်းအလှကို ဤသို့ ခံ့ညားထည်ဝါစွာတွေ့ရသည်။ *(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)*





# သူ့ ကျွန် အဖြစ် နှံနစ် မခံ ဒို့ တွန်းလှန်



**နယ်ချဲ့ကြေးစားဇင်ကာ၏ သန်လျင်ခံတပ်မြို့ကို မြန်မာမျိုးချစ်သူရဲကောင်းများက အရိုးကြေကြေ အရေခန်းခန်း မလျှော့သော ခွဲသတ္တိဖြင့် တွန်းလှန်တိုက်ခိုက်ခဲ့ပုံကို ပန်းချီဖြင့် ဤသို့ မှတ်တမ်းတင်ခဲ့သည်။**

# နယ်ချဲ့ရန်ကိုတွန်းလှန်ခဲ့သည့် မျိုးချ

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားအားလုံးသည် ရှေးနှစ်ပေါင်းများစွာကပင် မြန်မာ့မြေပေါ်တွင် အတူတကွနေထိုင်လာခဲ့ကြသော သွေးရင်းသားရင်း ညီရင်းအစ်ကိုများ ဖြစ်ကြသည်။

မြန်မာနိုင်ငံတွင် သဘာဝကပေးသော ရေခံမြေခံမှာ ကောင်းမွန်လှသည်။ မြေသယံဇာတ၊ ရေသယံဇာတ ပေါကြွယ်ဝလှသည်။ သစ်တောကြီးများကား နိုင်ငံ၏ထက်ဝက်ကျော်မျှ ဖုံးလွှမ်းလျက်ရှိသည်။ သစ်တောသယံဇာတများကား ထုတ်ယူသုံးစွဲ၍ မကုန်အောင်ပင်ဖြစ်သည်။ တစ်နည်းဆိုရသော် မြန်မာနိုင်ငံသည် စီးပွားရေးအတွက် အချက်အချာကျရာဒေသဖြစ်သည်။ ထို့ပြင် ပင်လယ်ရေကြောင်းသွားလာမှုအတွက်လည်း ဆိပ်ကမ်းကောင်းများ တည်ဆောက်နိုင်သည်။ ထိုသို့ သဘာဝကပေးသော အခြေအနေကောင်းများသည် နယ်ချဲ့တို့အတွက် မျက်စိကျစရာဖြစ်လာခဲ့သည်။ နယ်ချဲ့တို့သည် မြန်မာ့မြေကို ကျူးကျော်ရယူပိုင်ဆိုင်ရန် ကြိုးစားခဲ့ကြသည်။

မြန်မာနိုင်ငံ၏ သယံဇာတပစ္စည်းများ ပေါကြွယ်ဝပုံ၊ လူနေမှုအဆင့်အတန်းမြင့်မားပုံ၊ တိုင်းရင်းသားလူမျိုးများ၏ စိတ်ထားဖြူစင်ဖြောင့်မတ်ပုံ စသည်များကို အစောဆုံး လေ့လာအကဲခတ်သွားသည့် ပုဂ္ဂိုလ်မှာ အရင်းရှင်နယ်ချဲ့ ရှေ့တော်ပြေး ကုန်သည်တစ်ဦးဖြစ်သူ အီတလီပြည်သား နီကိုလိုဒီကွန်တီဆိုသူဖြစ်သည်။

ထိုသို့ စီးပွားရေးအချက်အချာကျမှုကို အခြေခံကာ ပေါ်တူဂီလူမျိုး ငဇင်ကာ ခေါ် ဖိလစ်ဒီဘရစ်တို ဆိုသူသည် မြန်မာနိုင်ငံကို စတင်ကျူးကျော်အခြေချခဲ့သည်။

ငဇင်ကာသည် သန်လျင်တွင်နေ၍ ဒဂုံ(ရန်ကုန်)၊ ပုသိမ်စသောဒေသများ၏ ကူးသန်းရောင်းဝယ်ရေးကို ချုပ်ကိုင်ခဲ့သည်။ ခရစ်နှစ် ၁၆၂၇ ခုနှစ်တွင် ဒတ်ချ်၊ အင်္ဂလိပ်၊ ပြင်သစ်တို့ ဝင်ရောက်လာကြပြန်သည်။

အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီမှ မစ္စတာဒေးဗစ်ဟန်တာ (Mr.David Hunter) ဆိုသူသည် ၁၇၅၃ခုနှစ် ဧပြီလတွင် ဟိုင်းကြီးကျွန်းကို သိမ်းပိုက်လျက် နယ်ချဲ့အခြေစိုက်စခန်း ချထားလိုက်လေသည်။

အလောင်းမင်းတရားသည် ဟိုင်းကြီးကျွန်း၌ ခြေကုပ်ယူနေသော အင်္ဂလိပ်တို့အား ရှင်းလင်းရန် ကြိုးပမ်းလေသည်။ ၁၇၅၉ခုနှစ်တွင် မြန်မာတပ်များက ဟိုင်းကြီးကျွန်းသို့ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

၁၈၂၃ ခု နှစ်လယ်ခန့်တွင် မြန်မာပိုင်ရှင်မဖြူကျွန်းပေါ်သို့ ဗြိတိသျှတပ်ဖွဲ့တစ်ဖွဲ့ ကျူးကျော်လာခဲ့ကြပြန်သည်။ မကြာမီမှာပင် ဗြိတိသျှတပ်များက ရှင်မဖြူကျွန်းကို နောက်တစ်ကြိမ် လာရောက်သိမ်းပိုက်ကြပြန်သည်။

၁၈၂၄ခုနှစ် မတ်လ၅ရက်နေ့တွင် ဗြိတိသျှတို့သည် မြန်မာတို့အား စစ်ကြေညာကာ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကို စတင်ခဲ့သည်။

ပထမအင်္ဂလိပ်-မြန်မာ စစ်ပြီးဆုံးခဲ့သော်လည်း မြန်မာတိုင်းရင်းသားများ၏ နယ်ချဲ့ဆန့်ကျင်ရေး ပြောက်ကျားတိုက်ပွဲများမှာ နယ်ချဲ့တို့ သိမ်းပိုက်ထားရာဒေသအနှံ့အပြားတွင် ဆက်လက်ပေါ်ပေါက်ပြီးနောက် ပုဂံမင်း လက်ထက်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ် ဖြစ်ရပြန်သည်။

အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ကာလတွင် အောက်မြန်မာပြည်တစ်ခုလုံးကို ပိုင်စိုးရေးအတွက် တပ်ဖြန့်ချီတက်လာကြသော ဗြိတိသျှတပ်များကို အရှေ့ရိုးမတောင်တန်းနေ ကရင်၊ ဂေခိုနှင့်ဂေဘားတိုင်းရင်းသားများက မိမိတို့နယ်မြေအား တစ်လက်မမျှပင် အထိမခံသော စိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ စုစည်းတော်လှန်တိုက်ခိုက်ခဲ့ကြသည်။

ဤသို့ဖြင့် ရန်ကုန်၊ ဓနုဖြူ၊ ပဲခူး၊ ပုသိမ်၊ မော်လမြိုင်၊ မုတ္တမနယ်များတွင် နတ်ရှင်ရွှေဗိုလ်၊ ဗိုလ်သာပုံ၊ ဗိုလ်သာဦး၊ ဗိုလ်မိုးဦး၊ ဗိုလ်ကျော်ဇံလှ၊ ဗိုလ်မြတ်ထွန်းစသည်ဖြင့် နယ်ချဲ့တော်လှန်ရေးသမားကြီးများ အမြောက်အမြား ပေါ်ပေါက်လာခဲ့သည်။

ဗိုလ်မြတ်ထွန်းနှင့် တစ်ချိန်တည်းပေါ်ပေါက်ခဲ့သော တော်လှန်ရေးသမားတစ်ဦးမှာ သာယာဝတီ တာပွန်တိုက်နယ် သူကြီးဟောင်း ဗိုလ်ခေါင်းကြီးဖြစ်၍ သူ၏ညီ ဗိုလ်ခေါင်းကလေးနှင့် ပူးပေါင်းကာ ကရင်တိုင်းရင်းသားများနှင့်အတူ ဗြိတိသျှတို့ တပ်စွဲထားသော မြို့ငယ်၊ ရွာငယ်များကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။

တိုင်းရင်းသားလူမျိုးအပေါင်းသည် ဒုတိယအင်္ဂလိပ်-မြန်မာစစ်ကာလတစ်လျှောက်လုံးတွင် ကျူးကျော်လာသော ဗြိတိသျှတို့ကို မြန်မာ့မြေပေါ်မှ တိုက်ထုတ်၍ သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြလေသည်။

အင်္ဂလိပ်-မြန်မာဒုတိယစစ်ဖြစ်ပြီးနောက် အောက်မြန်မာပြည်ကို ရသွားခဲ့သော ဗြိတိသျှတို့သည် မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ရယူရေးအတွက် မြန်မာတို့ကို အပြစ်ရှာကြံ၍ တိုက်ခိုက်ရန် အချက်ကောင်းကို စောင့်နေစဉ်တွင် ၁၈၈၅ခုနှစ် ဧပြီလအတွင်း၌ ဘုံဘေဘားမား သစ်ကုမ္ပဏီကိစ္စ ပေါ်လာရပြန်သည်။

ယခင်ကပင် အထက်မြန်မာပြည်ကို သိမ်းယူရန်အကြံရှိပြီးဖြစ်သော ဗြိတိသျှတို့သည် သစ်ကိစ္စကို အကြောင်းပြု၍ ဗြိတိသျှနှင့် မြန်မာတို့ တတိယအကြိမ် စစ်ဖြစ်ရပြန်သည်။

တတိယအင်္ဂလိပ်-မြန်မာစစ်တွင် ဗြိတိသျှတို့၏ အဓိက ရည်ရွယ်ချက်မှာ အထက်မြန်မာပြည်ကို သိမ်းပိုက်ရေးပင် ဖြစ်သည်။

တိုင်းရင်းသားအပေါင်းတို့သည် မိမိတို့ချစ်မြတ်နိုးလှသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ဆုံးရှုံးမသွားစေရန် နှစ်ပေါင်းများစွာ အသက်၊ သွေး၊ ချွေးများဖြင့် ရင်းနှီးကာ နယ်ချဲ့ဗြိတိသျှတို့ကို စစ်သုံးကြိမ် ယှဉ်ပြိုင်တိုက်ခိုက်သော်လည်း လက်နက်အင်အားချင်း မမျှသဖြင့် ၁၈၈၅ခုနှစ် နိုဝင်ဘာလ ၂၈ရက်နေ့တွင် မန္တလေးနေပြည်တော်သည် နယ်ချဲ့ဗြိတိသျှတို့၏ လက်တွင်းသို့ ကျဆင်းခဲ့ရလေသည်။

ထိုစဉ်က နယ်ချဲ့လက်အောက် သူ့ကျွန်ဘဝသို့ မြန်မာနိုင်ငံရောက်ခဲ့ရခြင်းနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ကြည့်လျှင် အချက်အချို့ကို တွေ့ရှိရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် မြေပေါ်မြေအောက် သယံဇာတပေါကြွယ်ဝသည်မှန်သော်လည်း အဆိုပါသယံဇာတများကို ထိန်းသိမ်းကာကွယ်နိုင်မှုစွမ်းအား၊ နိုင်ငံတော်ကို ကာကွယ်ထိန်းသိမ်းနိုင်မှုစွမ်းအား နည်းပါးခဲ့ရသည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ညီအစ်ကိုတိုင်းရင်းသား အသီးသီးတို့တွင် ထိုစဉ်ကပင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်တို့ အခိုင်အမာရှိပြီးဖြစ်သော်လည်း စည်းလုံးညီညွတ်မှုအင်အားနည်းပါးခဲ့သဖြင့် နယ်ချဲ့တို့၏ ကျူးကျော်ရန်စမှုကို ခံခဲ့ရခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ နောက်ဆုံးမင်းဆက် ရတနာပုံခေတ်ကာလသည် အုပ်ချုပ်မှုယန္တရား အစည်းပြေသောကာလဟု ဆိုရမည် ဖြစ်သည်။ နေပြည်တော်တွင်း စည်းလုံးညီညွတ်မှု၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုအင်အား ကျဆင်းခဲ့ရသဖြင့် နယ်ချဲ့တို့အကြိုက်တွေ့ကာ နေပြည်တော်ကို အလွယ်တကူ သိမ်းပိုက်နိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် မြန်မာ့သမိုင်းကို ပြန်ကြည့်လျှင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းကျဆင်းသော ကာလများတွင် နယ်ချဲ့တို့၏ ဝင်ရောက်ကျူးကျော်မှုကို ခံရမည့်အရေးနှင့် ကြုံတွေ့ခဲ့ရပြီး ထိုကာလတွင်ပင် မြန်မာ့လွတ်လပ်ရေး ဆုံးရှုံးရမည့်ဘေးနှင့် ကြုံတွေ့ခဲ့ရသော သာဓကများရှိခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ မြန်မာ့ လွတ်လပ်ရေး

*နယ်ချဲ့ရန်စွယ်ကား ဘီလူးသဘာက်ကဲ့သို့ ဆိုးရွားလှ၏။ မိမိ ရယူလိုသော ဆန္ဒတစ်ခုအတွက် သွေးခွဲသပ်လျှိုနည်းမျိုးစုံကို အသုံးပြုကာ လက်အောက်ခံနိုင်ငံမှ လူမျိုးအပေါ် စည်းလုံးညီညွတ်မှု ပြိုကွဲအောင် လုပ်ဆောင်ကြသည်။ အချင်းချင်း ရန်တိုက်ပေးသည်။ ၎င်းနောက် ကြားက အမြတ်ထုတ် သွေးစုပ်ကာ ရသမျှယူသည်။ ဦးစွာပစ္စည်းဥစ္စာကိုယူသည်။ ထို့နောက် လူကိုယူသည်။ ဆက်၍ တိုင်းပြည်ကိုပါ ယူသည်။ နယ်ချဲ့တို့၏ ဆိုးရွားရက်စက်မှုများသည် မြန်မာ့ သမိုင်းစာမျက်နှာများတွင် အထင်အရှား ရှိခဲ့ပြီးဖြစ်သည်။*

*သို့ဆိုလ…*
*မည်သို့ထိန်း…*
*မပြိုကွဲရေး၊*
*အစဉ်စည်းလု…*
*နယ်ချဲ့ပုရိယ…*
*မပြိုကွဲရေး၊*
*စည်းလုံးညီညွ…*

ဆုံးရှုံးပြီးနောက်ပိုင်း…
စွဲကိုင်လျက် မိမိတို့…
ခဲ့ကြသည်။

ထွတ်လူ ဦး…
ဒေသရှိ ဗြိတိသျှ…

တိုင်းရင်းသ…
တောင်တန်းရှိ မျိုးချ…
တို့ကို တွန်းလှန်ခဲ့သ…

**ခိုး…**

တိုက်ပွဲများအတွင်း…
ခေါင်းဆောင်များဖြ…
ကြွန့်ဘိခ်တို့နှင့် ပူး…
များသည် ချင်းတော…
မြို့များရှိ နယ်ချဲ့တို့…

ဝန်းသိုစော်…
များသည် မုန်ကင်း…
တို့နှင့် တွေ့ဆုံ တိုက…
ဝန်းသိုစော်ဘွားခေါ…
မခံနိုင်သောဗြိတိသျှ…

ဗြိတိသျှတို့…
သမားများအား…
ပြုလုပ်ခဲ့ကြသည်။…
တို့မှာမူ ဗြိတိသျှတို့…

**နယ်ချဲ့တို့အား…**
**ကြွန့်ဘိခ် ဦးဆော…**
**များကို ဤသို့တွေ့…**



*သို့ဆိုလျှင် ခေတ်သစ်နယ်ချဲ့တို့ကို မည်သည့်စွမ်းအားဖြင့် မည်သို့တွန်းလှန်ကြမည်နည်း။ လွတ်လပ်ရေးကို မည်သို့ထိန်းသိမ်းစောင့်ရှောက်ကြမည်နည်း။ ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိပါသည်။ ပြည်ထောင်စု မပြိုကွဲရေး၊ နိုင်ငံတော် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားညီအစ်ကိုများ အစဉ်စည်းလုံးညီညွတ်ကြရန် လိုအပ်ပါသည်။ စည်းလုံးခြင်းသည် အင်အား၊ ပြည့်စွမ်းအားပင် ဖြစ်ပါသည်။ နယ်ချဲ့ပရိယာယ်ကို သိမြင်သဘောပေါက်ပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားညီအစ်ကိုများက အစဉ်အမြဲ စည်းလုံးညီညွတ်ခြင်းဖြင့် လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။*

ဆုံးရှုံးပြီးနောက်ပိုင်း ညီအစ်ကို တိုင်းရင်းသားများသည် ရရာလက်နက်စွဲကိုင်လျက် မိမိတို့ဒေသ အသီးသီးမှ နယ်ချဲ့တို့ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။

ထွတ်လူ ဦးဆောင်သော တိုင်းရင်းသားများသည် ရှမ်းနှင့်ကယားဒေသရှိ ဗြိတိသျှ တပ်စခန်းများကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။

တိုင်းရင်းသား မျိုးချစ်ခေါင်းဆောင် ကြွန့်ဘိခ်သည် ချင်းတောင်တန်းရှိ မျိုးချစ်အင်အားစုများကို ဦးဆောင်ကာ နယ်ချဲ့ဗြိတိသျှတို့ကို တွန်းလှန်ခဲ့သည်။ ဗြိတိသျှနယ်ချဲ့တို့အား ခုခံသည့်လက်နက်ကိုင်သည် သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ယခင်ကထက်ပင် ကြီးမားပြင်းထန်သော တွန်းလှန်တိုက်ခိုက်မှုများကို ဆင်နွှဲ၍ ဗြိတိသျှတို့အား ဆန့်ကျင်ခဲ့ကြသည်။

နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာတစ်နိုင်ငံလုံး လုံးဝရိုသေပျပ်ဝပ်ကျိုးနွံစေရန်၊ ဘုရင်ရော လူမျိုးပါ ပျက်သုဉ်းစေရန် ဟူသော ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့ခြင်းဖြစ်လေသည်။

ရွာများအတွင်းနှင့် လမ်းများပေါ်တွင် ဝမ်းနည်းကြေကွဲနေကြသော အမျိုးသမီးများ၏ အော်ဟစ်ငိုကြွေးနေမှုများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများအပေါ် နှိပ်စက်နေမှု မြင်ကွင်းများသည် ဗြိတိသျှနယ်ချဲ့များအား ဆန့်ကျင်တော်လှန်ရန်အတွက် တံပိုးခရာမှုတ်ကာ အချက်ပေးလိုက်သကဲ့သို့ ဖြစ်ခဲ့လေသည်။

နယ်ချဲ့ရန်စွယ်ကား ဘီလူးသဘက်ကဲ့သို့ ဆိုးရွားလှ၏။ မိမိရယူလိုသော ဆန္ဒတစ်ခုအတွက် သွေးခွဲသပ်လျှိုနည်းမျိုးစုံကို အသုံးပြုကာ လက်အောက်ခံနိုင်ငံမှ လူမျိုးများအပေါ် စည်းလုံးညီညွတ်မှု ပြိုကွဲအောင် လုပ်ဆောင်ကြသည်။ အချင်းချင်း ရန်တိုက်ပေးသည်။ ၎င်းနောက်ကြားက အမြတ်ထုတ် သွေးစုပ်ကာ ရသမျှယူသည်။ ဦးစွာ ပစ္စည်းဥစ္စာကိုယူသည်။ ထို့နောက် လူကို ယူသည်။ ဆက်၍ တိုင်းပြည်ကိုပါ ယူသည်။ နယ်ချဲ့တို့၏ ဆိုးရွားရက်စက်မှုများသည် မြန်မာ့သမိုင်း

# ...ည့် မျိုးချစ်တိုင်းရင်းသားများ

စိုးသိန်း (မြန်မာ့အလင်း)

တိုက်ပွဲများအတွင်းတွင် ရွှေဂျိုးဖြူ မင်းသားသည် ဗမာတိုင်းရင်းသား ခေါင်းဆောင်များဖြစ်သော ဗိုလ်သာဒွန်း၊ ဗိုလ်တုတ်စံ၊ ချင်းခေါင်းဆောင် ကြွန့်ဘိခ်တို့နှင့် ပူးပေါင်းမိကြသည်။ ဤသို့ ချင်း-ဗမာ တိုင်းရင်းသားများသည် ချင်းတောင်ခြေရှိ အင်းတင်၊ တောင်တွင်း၊ ကလေး စသည့်မြို့များရှိ နယ်ချဲ့တို့ကို ဝင်ရောက်စီးနင်းတိုက်ခိုက်ကြလေသည်။

ဝန်းသိုစော်ဘွားဦးဆောင်သော ကချင်၊ ရှမ်း၊ ဗမာတိုင်းရင်းသားများသည် မုန်ကင်းတောင်စခန်းတွင် ခံကတုတ်ပြုနေသော ဗြိတိသျှတပ်တို့နှင့် တွေ့ဆုံ တိုက်ပွဲဖြစ်ပွားပြန်သည်။ အင်အားတောင့်တင်းလှသော ဝန်းသိုစော်ဘွားခေါင်းဆောင်သည့် အင်အားစုများ၏ တိုက်ခိုက်မှုကို မခံနိုင်သောဗြိတိသျှတပ်များသည် ဆုတ်ခွာထွက်ပြေးကြရလေသည်။

ဗြိတိသျှတို့သည် ပြည်ထောင်စုဖွားတိုင်းရင်းသား တော်လှန်ရေးသမားများအား သွေးအေးအေးဖြင့် ရက်စက်စွာ သတ်ဖြတ်မှုများကို ပြုလုပ်ခဲ့ကြသည်။ သို့သော် မြန်မာ့မျိုးချစ်တော်လှန်ရေး ပြောက်ကျားတို့မှာမူ ဗြိတိသျှတို့အား ကြောက်ရွံ့ခြင်းအလျဉ်းမရှိခဲ့ကြ။ မြန်မာနိုင်ငံ

**နယ်ချဲ့ရန်ကို တွန်းလှန်တိုက်ခိုက်ခဲ့သည့် မျိုးချစ် တိုင်းရင်းသား ခေါင်းဆောင် ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်။**



**နယ်ချဲ့တို့အား ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်ခဲ့သည့် မျိုးချစ်ခေါင်းဆောင် ကြွန့်ဘိခ် ဦးဆောင်သော ချင်းတိုင်းရင်းသား မျိုးချစ်သူရဲကောင်းများကို ဤသို့တွေ့ရသည်။**



# (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ



**မဏိပူရတိုက်ပွဲတွင် ဖမ်းဆီးရမိသော နယ်ချဲ့သုံ့ပန်းများကို စစ်သူကြီး မဟာဗန္ဓုလက စစ်ဆေးနေပုံမြင်ကွင်းကို ပန်းချီဖြင့် ဤသို့မှတ်တမ်းတင်ထားခဲ့သည်။**

စာမျက်နှာများတွင် အထင်အရှား ရှိခဲ့ပြီးဖြစ်သည်။ အသက်သွေးချွေးများ ပေးဆက်၍ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သော မြန်မာ့သူရဲကောင်းများနှင့် မြန်မာတိုင်းရင်းသားတို့၏ သမိုင်းမှတ်တိုင်များကို ယနေ့ကာလတိုင် မမေ့နိုင်ဘဲ ရှိနေဆဲဖြစ်သည်။

ထိုစဉ်က မျိုးချစ်မြန်မာတိုင်းရင်းသားများသည် ဗြိတိသျှကျည်ဆန်များကို ရင်ဆိုင်၍ အင်အားသာလွန်သော နယ်ချဲ့တို့အား အသက်ကို ဖက်တစ်ရွက်၊ ပန်းတစ်ပွင့်ပမာထားကာ နောက်မဆုတ်စတမ်း ရင်ဆိုင် တိုက်ခိုက်ခဲ့ကြသည်။ သေနတ်၊ အမြောက်၊ ခဲယမ်းလက်နက် သာလွန်ကောင်းမွန်သော ဗြိတိသျှစစ်တပ်တို့နှင့် တိုက်ခိုက်ရာတွင် မြန်မာသူရဲကောင်းများ ကျဆုံးကြသည်မှာ လေအပြင်းတွင် ကြွေလွင့်ခဲ့ရသည့် ပန်းများသို့နှယ် ရှိတော့သည်။ လွတ်လပ်ရေးအတွက် အသေခံကာ တိုက်ပွဲဝင်ခဲ့ကြသည်မှာ မြန်မာတိုင်းရင်းသားသူရဲကောင်းတို့၏ သူ့ကျွန်မခံလိုသော ဇာတိသွေး၊ ဇာတိမာန်ကြောင့်သာလျှင် ဖြစ်ချေသည်။

နယ်ချဲ့ ဗြိတိသျှတို့၏ ကောက်ကျစ်မှုကား တောင်တန်းနှင့်ပြည်မ သွေးခွဲခဲ့ခြင်းပင် ဖြစ်သည်၊ တောင်တန်းဒေသများ၏ တိုးတက်ဖွံ့ဖြိုးမှုကို လုံးဝထည့်သွင်းစဉ်းစားခြင်း မပြုခဲ့ချေ။ နယ်ချဲ့တို့သည် အဆိုပါဒေသများအား အမှောင်အတွင်း၌ပင်ချန်ထားရစ်ခဲ့လေသည်။ ယင်းဒေသရှိ တိုင်းရင်းသား အသီးသီးတို့၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေးစသည့် တိုးတက်မှုများအတွက် လုပ်ဆောင်ကြိုးပမ်းခြင်းကား လုံးဝပင်မရှိခဲ့ချေ။ ၎င်းကား နယ်ချဲ့တို့၏ မြန်မာတိုင်းရင်းသားများအပေါ် သွေးခွဲအုပ်ချုပ်နည်း တစ်ရပ်ပင် ဖြစ်တော့သည်။

ဤသို့ဖြင့် နယ်ချဲ့တို့၏ပယောဂကြောင့် မြန်မာ့သမိုင်းတွင် တိုင်းရင်းသားအသီးသီးတို့၏ စီးပွားရေး၊ လူမှုရေး၊ အတွေးအခေါ်များသည် မညီမညာဖြစ်ပေါ်ခဲ့ပြီး ညီအစ်ကို တိုင်းရင်းသားအချင်းချင်း သံသယပွားခဲ့ကြရသည်။

နယ်ချဲ့တို့သည် မြန်မာနိုင်ငံ၏ အကျိုးစီးပွားအတွက်မပါဘဲ ၎င်းတို့၏ အရင်းရှင်ဝါဒအရ ခေါင်းပုံဖြတ်မှု၊ အမြတ်ကြီးရလိုမှု၊ နိုင်ငံ၏စီးပွားရေး ဘဝကြီးတစ်ခုလုံးကို လက်ဝါးကြီးအုပ်လိုမှုတို့အတွက် မြန်မာနိုင်ငံကို ကျွန်ဇာတ်သွင်းခဲ့သည်။ **နယ်ချဲ့အရင်းရှင်တို့၏ စီးပွားရေး၊ ပညာရေး၊ အုပ်ချုပ်ရေး စီမံကိန်းများကြောင့် မြန်မာတစ်နိုင်ငံလုံး ကမ္ဘာ့အလယ်တွင် လူလုံးမလှဖြစ်ခဲ့ရသည့် သမိုင်းအမွေဆိုးများကို သင်ခန်းစာရယူ၍ ခေတ်သစ်နယ်ချဲ့ ကိုလိုနီတို့၏ အန္တရာယ်မှ လွတ်ကင်းရန် တိုင်းရင်းသားညီအစ်ကိုအားလုံး သတိရှိရှိ ကာကွယ်ရှောင်ရှားကြရမည် ဖြစ်ပေသည်။ လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ကြရပေမည်။**

သို့ဆိုလျှင် ခေတ်သစ်နယ်ချဲ့တို့ကို မည်သည့် စွမ်းအားဖြင့် မည်သို့ တွန်းလှန်ကြမည်နည်း။ လွတ်လပ်ရေးကို မည်သို့ ထိန်းသိမ်းစောင့်ရှောက်ကြမည်နည်း။ ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိပါသည်။ ပြည်ထောင်စု မပြိုကွဲရေး၊ နိုင်ငံတော် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား ညီအစ်ကိုများ အစဉ်စည်းလုံးညီညွတ်ကြရန် လိုအပ်ပါသည်။ စည်းလုံးခြင်းသည် အင်အား၊ ပြည့်စွမ်းအားပင် ဖြစ်ပါသည်။ နယ်ချဲ့ပရိယာယ်ကို သိမြင်သဘောပေါက်ပြီး ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား ညီအစ်ကိုများက အစဉ်အမြဲ စည်းလုံးညီညွတ်ခြင်းဖြင့် လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။ ။

# မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်၊ အမျိုးသားရေးစရိုက်လက္ခဏာများ ရုပ်ရှင်အတတ်ပညာများနှင့်ဖြည့်ဆည်းဆောင်ရွက်ပေး





**၂၀၀၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမှာစကားပြောကြားစဉ်။** (မြန်မာ့အလင်း)

**ကျောဖုံးမှ**

၎င်းတို့၏ ဇနီးများ၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိပြီးသူ ရုပ်ရှင်အနုပညာရှင်များ၊ ရုပ်ရှင်သရုပ်ဆောင်များ၊အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ အထူးဖိတ်ကြားထားသူများနှင့် ရုပ်ရှင်မြတ်နိုးသူ ပြည်သူများတက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ ညနေ၅နာရီမှစတင်၍ ရုပ်ရှင်၊ ဂီတအနုပညာရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ ပရိသတ်များအား တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

အခမ်းအနားကို ညနေ၆နာရီတွင် စတင်ကျင်းပရာ အစီအစဉ်ကြေညာသူများအဖြစ် ဦးဝင့်အောင်နှင့် ဒေါ်ခင်စန်းမြင့်တို့က ဆောင်ရွက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ၂၀၀၃ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ယခုကဲ့သို့ စုံစုံညီညီ သိုက်သိုက်ဝန်းဝန်း ကြွရောက်အားပေးကြသည့်အတွက် အထူးပင်ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း။

**ရွှေရတုလွန်ကာလ**

ယနေ့ညကျင်းပသည့် အခမ်းအနားသည် ၂၀၀၃ ခုနှစ်အတွင်း ထုတ်လုပ်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားများထဲမှ ထူးချွန်သည့်အနုပညာရှင်များ၊ အတတ်ပညာရှင်များကို စိစစ်ရွေးချယ်ပြီး ထူးချွန်ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ၁၉၅၂ ခုနှစ်ကစပြီး မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက် မြင့်မားစေရေးကိုရှေးရှုလျက် နိုင်ငံတော်က နှစ်စဉ်ရုပ်ရှင်အကယ်ဒမီရွှေစင်ဆုများ ချီးမြှင့်ခဲ့သည်မှာ ယခုဆိုလျှင် ရွှေရတုလွန်ကာလတိုင်ခဲ့ပြီဖြစ်ကြောင်း။

ထို့အပြင် ဆုတန်ဖိုးနှင့်ပတ်သက်၍လည်း မူလကချီးမြှင့်ခဲ့သည့် ငွေစင်ငွေသားနှစ်ကျပ်သားပါသော ရုပ်တုအစား ရွှေစင်ရွှေသားနှစ်ကျပ်သားပါသည့် ရွှေစင်ရုပ်တုကို ပြောင်းလဲချီးမြှင့်ပေးခဲ့ကြောင်း၊ ဆုတစ်မျိုးချင်းအတွက်လည်း ထူးချွန်စွာ သရုပ်ဆောင်နိုင်သူ နှစ်ဦးရှိလျှင် နှစ်ဦးပူးတွဲချီးမြှင့်ခဲ့ကြောင်း၊ ထို့ကြောင့် ယနေ့အထိ ချီးမြှင့်ပေးခဲ့ပြီးသည့် ထူးချွန်ဆုပေါင်း ၂၆၈ ဆု ရှိခဲ့ပြီးဖြစ်ကြောင်း။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၃ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင် အမျိုးသမီးဇာတ်ပို့ဆုရရှိသူ ချိုပြုံးအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၃ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင် ဒါရိုက်တာဆုရရှိသူ ကျော်သူအား ဆုချီးမြှင့်စဉ်။** (မြန်မာ့အလင်း)



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၃ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင် အမျိုးသမီးဇာတ်ဆောင်ဆုရရှိသူ ထွန်းအိန္ဒြာဗိုအား ဆုချီးမြှင့်စဉ်။** (မြန်မာ့အလင်း)



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၃ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင် အမျိုးသားဇာတ်ပို့ဆုရရှိသူ ဇော်ဦးအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၃ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင် ဇာတ်ပုံဆုရရှိသူ ကျောက်ဖြူ (ပဒေသာ)အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၃ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင် ရုပ်ရှင်တည်းဖြတ်ဆုရရှိသူ ဦးမြင့်ခိုင်အား ဆုချီးမြှင့်စဉ်။** (မြန်မာ့အလင်း)



ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၃ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင် အမျိုးသားဇာတ်ဆောင်ဆုရရှိသူ ကျော်ဟိန်းအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)



ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၃ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင် ဇာတ်ညွှန်းဆုရရှိသူ ငြိမ်းမင်းအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၃ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင် အသံဆုကို "သူးမွဲ့ထသစ္စာ" ဇာတ်ကားမှ ခင်စံပယ်ဦးအဖွဲ့အား ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

*စာမျက်နှာ ၁၀ မှ*

အလားတူ ရုပ်ရှင်လောကနှင့်လောကသားများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရက ရုပ်ရှင်ရိုက်ခြင်း၊ ကူးဆေးခြင်း၊ အသံကူးပြောင်းခြင်း စသည့်လုပ်ငန်းများတွင်လည်းကောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဦးစီးကျင်းပသည့် သရုပ်ဆောင်သင်တန်းများ၊ အလှူအတန်းများတွင်လည်းကောင်း၊ ရုပ်ရှင်ဇာတ်ကားများ အရည်အသွေးမြင့်မားရေး၊ ပြည်ပရုပ်ရှင်ပွဲတော်များသို့ ပါဝင်တက်ရောက်ပြသနိုင်ရေး၊ မြန်မာဇာတ်ကားများ ပြည်ပသို့



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၃ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင် တေးဂီတဆုရရှိသူ ဇော်မျိုးထွဋ်အား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ထိုးဖောက်ပြသနိုင်ရေးအတွက်လည်းကောင်း အတတ်နိုင်ဆုံး ပံ့ပိုးကူညီဆောင်ရွက်ပေးနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ပေးနေခြင်းသည် ရုပ်ရှင်လောကနှင့် လောကသားများအတွက် နိုင်ငံတော်အစိုးရက ထားရှိသည့် စေတနာများပင်ဖြစ်ကြောင်း။

## ကြိုးပမ်းဆောင်ရွက်နိုင်

နိုင်ငံတော်အစိုးရက ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရန်၊ ရုပ်ရှင်အဆင့်အတန်းမြင့်မားလာရန် ယခုလို အားပေးချီးမြှင့်ခဲ့သလို ရုပ်ရှင်လောကသားများကလည်း ရုပ်ရှင်သမိုင်းတစ်လျှောက် ရုပ်ရှင်လောကအကျိုး၊ တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကိုလည်း တွေ့ရကြောင်း၊ ရုပ်ရှင်လောကသားများ၏ စွမ်းဆောင်ခဲ့မှုများကို ပြန်လည်သုံးသပ်ကြည့်လျှင် ရုပ်ရှင်လောကသားများသည် စစ်ကြိုခေတ်ကာလအတွင်း၌ နည်းပညာအခက်အခဲ၊ ပစ္စည်းပစ္စယ အခက်အခဲများကြားက ရုပ်ရှင်လုပ်ငန်းကို စတင်ခဲ့ကြပြီး ခေတ်အဆက်ဆက် ရှန်းကန်တည်ဆောက်ရင်း အသံတိတ်ခေတ်မှသည် ယနေ့ခေတ် ရုပ်ရှင်အဆင့်အတန်း အခြေအနေအထိရောက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

## မှတ်တမ်းတင်ဂုဏ်ပြု

ရုပ်ရှင်လောကသားများသည် လွတ်လပ်ရေးကြိုးပမ်းမှု အကြိုကာလတစ်လျှောက်လုံးတွင်လည်း နယ်ချဲ့နှင့်ဖက်ဆစ်တို့၏ ဖိနှိပ်မှုကြားကနေပြီး မြန်မာပြည်သူများ အမျိုးသားရေးစိတ်ဓာတ် နိုးကြားတက်ကြွလာရန်နှင့် လွတ်လပ်ရေးစိတ်ဓာတ် ပေါက်ဖွားရှင်သန်လာရန် ရုပ်ရှင်အနုပညာ စွမ်းအားဖြင့် ဆောင်ရွက်ခဲ့ကြသည်ကို မှတ်တမ်းတင်ဂုဏ်ပြုကြရမှာ ဖြစ်ကြောင်း။

နယ်ချဲ့နှင့်ဖက်ဆစ်ကို တော်လှန်သည့် လွတ်လပ်ရေးကြိုးပမ်းမှုကာလများ၌လည်း ရုပ်ရှင်လောကသားများသည် ရုပ်ရှင်အနုပညာဖြင့် နယ်ချဲ့ဖက်ဆစ်ကို ဆန့်ကျင်ခဲ့ကြရုံမက ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲတိုက်ခိုက်ခဲ့ကြသည့် သမိုင်းအထောက်အထားများလည်း ရှိခဲ့ကြောင်း။

ထို့အပြင် လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းရသည့် ကာလနှင့် ယနေ့ နိုင်ငံတော်တည်ဆောက်ရေးကာလများတွင်လည်း ရုပ်ရှင်လောကသားများသည် မိမိတို့ကျရာ အခန်းကဏ္ဍကနေ တက်တက်ကြွကြွပါဝင်ဆောင်ရွက်နေကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

## ဦးထိပ်ပန်ဆင်

ထို့ကြောင့် မြန်မာ့ရုပ်ရှင်သမိုင်းသည် ထွန်းပြောင်ခဲ့ပြီး မြန်မာ့ရုပ်ရှင်လောကသားများသည်လည်း အမျိုးသားရေးတာဝန်များကို ခေတ်အဆက်ဆက် ဦးထိပ်ပန်ဆင်ဆောင်ရွက်ခဲ့ကြသည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့ကြရမည်ဖြစ်ကြောင်း၊ ဆက်လက်၍လည်း ယနေ့ကြိုးပမ်းအကောင်အထည်ဖော်နေသည့် အဆင့်(၇)ဆင့်ဖြင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးတွင်လည်း ရုပ်ရှင်လောကသားများသည် ကျရာ အမျိုးသားရေးတာဝန်များကို ထမ်းဆောင်ရင်း ထွန်းပြောင်သည့် မြန်မာ့ရုပ်ရှင် သမိုင်းကြောင်းကို ထိန်းသိမ်းသွားနိုင်ကြလိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားလိုကြောင်း။

ယခုလို သမိုင်းထွန်းပြောင်ခဲ့သည့် ရုပ်ရှင်လောကသားများအနေနှင့် အတိတ်မှာ သမိုင်းထွန်းပြောင်ခဲ့သကဲ့သို့ ယခုပစ္စုပ္ပန်နှင့် နောင်အနာဂတ်တွင်လည်း ရုပ်ရှင်လောက ပိုမိုသမိုင်းထွန်းပြောင်အောင်၊ ရုပ်ရှင်အဆင့်အတန်းပိုမိုမြင့်မားအောင်၊ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည့် တာဝန်လည်းရှိနေသေးကြောင်းကို သတိပေးပြောကြားလိုကြောင်း။

၂၀၀၃ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိသူများအား တွေ့ရစဉ်။ (မြန်မာ့အလင်း)




## ရှင်သန်ဖွံ့ဖြိုးအောင်ထိန်းသိမ်း

ယနေ့အခြေအနေကိုကြည့်လျှင် မြန်မာနိုင်ငံအတွင်းသို့ ပြည်ပကဝင်လာသည့် ရုပ်ရှင်ကားများ၊ စီဒီပြားများ အထူးများပြားကြောင်း၊ စာရင်းမှတ်တမ်းများအရ ဖော်ပြရလျှင် ၁၉၈၈ခုနှစ်မှ ၂၀၀၄ခုနှစ် ယနေ့အထိ ဗီဒီယိုတိပ်ခွေနှင့် လေဆာဓာတ်ပြား ၄၀၇၉၃ခု၊ ရုပ်ရှင်ကားပေါင်း ၇၇၁ကားရှိကြောင်း တွေ့ရကြောင်း၊ နှစ်စဉ် ပြည်ပကဝင်လာသည့် ရုပ်ရှင်ကားသည် ပြည်တွင်းက ထုတ်လုပ်သည့် ရုပ်ရှင်ကားထက် အရေအတွက်များနေသည်ကို



ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၃ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင် ဇာတ်ကားဆုရ အမေ့နို့ဖိုး ရုပ်ရှင်ကားထုတ်လုပ်သူအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

တွေ့ရကြောင်း၊ ယင်းတို့သည် မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောကအတွက် စိန်ခေါ်မှုများဖြစ်သကဲ့သို့ အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်တို့အပေါ်တွင်လည်း စိန်ခေါ်မှုများပင်ဖြစ်ကြောင်း၊ ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်မှသာ မြန်မာ့ရုပ်ရှင်၊ ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သလို အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးအောင် ထိန်းသိမ်းနိုင်ကြမည် ဖြစ်ကြောင်း။

## အရေးကြီးသောအချက်များ

ယနေ့ ရွှေရတုလွန်ကာလ မြန်မာ့ရုပ်ရှင်အဆင့်အတန်းကို ကြည့်မည်ဆိုပါက ဇာတ်လမ်းဇာတ်ကွက်အပိုင်း၊ တင်ပြသရုပ်ဖော်မှုအပိုင်း၊ သရုပ်ဆောင်မှုအပိုင်း၊ ဝတ်စားဆင်ယင်မှုအပိုင်း၊ ထုတ်လုပ်သူအပိုင်း၊ စတူဒီယိုစသည့် ရိုက်ကူးရေး အထောက်အကူပြုအပိုင်း၊ အသံအရုပ်အရောင်စသည့် စက်မှုနည်းပညာအပိုင်း၊ ပြသမှုအပိုင်းနှင့် ရုပ်ရှင်ရုံဝန်ဆောင်မှုအပိုင်းစသည့် အပိုင်းအားလုံးမှာ အားနည်းမှုများရှိနေသေးခြင်း၊ မပြည့်စုံမှုများရှိနေသေးခြင်းတို့ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယင်းတို့ကို ပြုပြင်ဆောင်ရွက်နိုင်မှသာ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်မားလာပြီး ပြည်ပကထိုးဖောက်လာသည့် Mediaစိန်ခေါ်မှုများကို ကျော်လွှားနိုင်မှာ ဖြစ်သလို ပြည်ပကိုပါ ထိုးဖောက်ပြသနိုင်မှုအပါအဝင် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းအားနည်းချက်များ၊ မပြည့်စုံမှုများကို ကျော်လွှားနိုင်ရန် ကြိုးပမ်းဆောင်ရွက်သင့်သည့် အချက်များကို ၂၀၀၄ခုနှစ် ဒီဇင်ဘာ၅ရက်ကပြုလုပ်ခဲ့သည့် ရုပ်ရှင်လောကသားများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် အကြံပြုမှာကြားခဲ့ပြီးဖြစ်ကြောင်း၊ ယင်းအချက်များသည် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရန်အတွက် မလွဲမသွေဆောင်ရွက်ကြရမည့် အရေးကြီးသော အချက်များဖြစ်သည့်အတွက် ထပ်မံတင်ပြရမည်ဆိုလျှင်–

*စာမျက်နှာ ၁၂ ကော်လံ ၁*

27-12 (11).p65 1 3/30/05, 10:24 PM

စာမျက်နှာ ၁၁ မှ

(၁) ဇာတ်လမ်းဇာတ်ကွက်များဖန်တီးရာတွင် သမားရိုးကျ ချစ်ကွဲညားက ခွဲထွက်ပြီး အတွေးသစ်၊ အမြင်သစ်၊ အယူအဆသစ်များနှင့် သဘာဝကျကျ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဖန်တီးရမည်ဖြစ်ကြောင်း၊

(၂) ရုပ်ရှင်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ဒါရိုက်တာ၊ သရုပ်ဆောင်များနှင့်တကွ စက်မှုပိုင်းဆိုင်ရာဖန်တီးသူများအနေနှင့်လည်း အရည်အသွေးပိုမိုမြင့်မားအောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊

(၃) ဝတ်စားဆင်ယင်ရာ၌လည်း ခေတ်မီမှုကိုလက်ခံရမည်ဖြစ်သော်လည်း မြန်မာ့ယဉ်ကျေးမှုနှင့် မဆီလျော်သည့် ဝတ်စားဆင်ယင်မှုများ၊ သရုပ်ပျက် ဝတ်စားဆင်ယင်မှုများကိုမူ ရှောင်ရှားရမည်ဖြစ်ကြောင်း၊

(၄) ထုတ်လုပ်သူများအနေနှင့်လည်း အရည်အသွေး၊ အဆင့်အတန်းမြင့်မားသည့် ဇာတ်ကားများထုတ်လုပ်နိုင်မှသာ ဈေးကွက်ရရှိကာ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းမည်ကို သဘောပေါက်ပြီး အရည်အသွေး အဆင့်အတန်းမြင့် ဇာတ်ကားကောင်းများ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊

(၅) ရိုက်ကူးရေးပစ္စည်းများ၊ အသံဆိုင်ရာပစ္စည်းများ၊ ကူးဆေးမှုဆိုင်ရာစက်များ၊ ခေတ်မမီမလုံလောက်ပါကလည်း ပြည်ပနိုင်ငံများထံမှ ငှားရမ်းရိုက်ကူးခြင်း၊ ဖက်စပ်ရိုက်ကူးထုတ်လုပ်ခြင်းများဖြင့် ကျော်လွှားနိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊

(၆) ရုပ်ရှင်လောကသားများအနေဖြင့် ရုပ်ရှင်လောကအဆင့်အတန်းမြင့်မားစေရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲများ၊ Work Shop များ၊ သင်တန်းများနှင့် မပြတ်ကြိုးစားကြရမည်ဖြစ်ကြောင်း၊

(၇) ရုပ်ရှင်အတွေ့အကြုံနှင့် နည်းပညာသစ်များရရှိရန် မိတ်သစ်ဆွေသစ်၊ အဆက်အသွယ်သစ်များရရှိရန်၊ မြန်မာဇာတ်ကားများ ပြည်ပဈေးကွက်ထိုးဖောက်နိုင်ရန်အတွက် နိုင်ငံတကာရုပ်ရှင်ပွဲတော်များ၊ ရုပ်ရှင်နှီးနှော ဖလှယ်ပွဲများကို တက်ရောက်နိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊

(၈) ရုပ်ရှင်ပြသခွင့်စနစ်ကိုလည်း 'ယှဉ်ပြိုင်မှုမှသည် အဆင့်အတန်းအရည်အသွေးကို တိုးတက်စေမည့်'ပြသခွင့်နည်းလမ်းကို ရှာဖွေဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊

(၉) ရုပ်ရှင်ရုံများ ခေတ်မီအဆင့်အတန်းမြင့်မားလာစေရေးအတွက် ပြသရေးလုပ်ငန်းရှင်များက ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊

(၁၀) သရုပ်ဆောင်ကဏ္ဍအပါအဝင် အခြားရုပ်ရှင်ဆိုင်ရာကဏ္ဍအားလုံး၌ ကျွမ်းကျင်သူရုပ်ရှင်အတတ်ပညာရှင်များမွေးထုတ်နိုင်ရေးအတွက်လည်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ရင်း ပိုမိုကျယ်ပြန့်တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊

(၁၁) အဆင့်အတန်းမြင့်မားသော ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ရောင်းချပြီး နိုင်ငံခြားငွေရှာဖွေကာ Studio များ တည်ဆောက်ခြင်း အပါအဝင် ခေတ်မီသည့် ရုပ်ရှင်ဆိုင်ရာ စက်ကိရိယာများ ဝယ်ယူ တပ်ဆင်အသုံးပြုနိုင်အောင် ကြိုးပမ်းကြရမည် ဖြစ်ကြောင်း။

(၁၂) ရုပ်ရှင်လောကသားအားလုံး စည်းစည်းလုံးလုံး တိုင်တိုင်ပင်ပင် အတ္တ၊ ပရတွဲပြီး မျှမျှတတဆောင်ရွက်ခြင်းဖြင့် အခက်အခဲများကို ကျော်လွှားကာ ရုပ်ရှင်လောကအဆင့်အတန်း မြင့်မားလာအောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ သို့မှသာ လက်ရှိတွေ့ကြုံနေရသည့် အားနည်းချက်များ၊ အခက်အခဲများကို ကျော်လွှားနိုင်ပြီး ဖွံ့ဖြိုးအောင်မြင်သည့် မြန်မာ့ရုပ်ရှင်ခေတ်ကို မလွဲတမ်းတက်လှမ်းနိုင်ကြမည် ဖြစ်သည်ကို တိုက်တွန်းမှာကြားလိုကြောင်း။

ယင်းအချက်များကို ဆောင်ရွက်ကြရာတွင် အခက်အခဲများ ဝိရောဓိများ အများအပြားနှင့် ကြုံတွေ့ကောင်းကြုံတွေ့ရမည်ဖြစ်သော်လည်း ထိုကြုံတွေ့လာမည့် အခက်အခဲဝိရောဓိများကို–

- ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ရည်မှန်းချက်၊
- အတ္တ၊ ပရ မျှတစွာ ဆောင်ရွက်မှု၊
- ခွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးပမ်းဆောင်ရွက်မှု၊
- စည်းလုံးညီညွတ်မှု၊
- ပူးပေါင်းဆောင်ရွက်မှုနှင့်
- စိတ်ရှည်သည်းခံနားလည်ခွင့်လွှတ်မှု

ဆိုသည့် အချက်များကို အခြေခံပြီး ဖြေရှင်းဆောင်ရွက်သွားမည်ဆိုလျှင် မအောင်မြင်နိုင်စရာ မရှိကြောင်း တိုက်တွန်းမှာကြားလိုကြောင်း၊ ဝန်ကြီးဌာနအနေနှင့်လည်း အတတ်နိုင်ဆုံး ပံ့ပိုးကူညီဆောင်ရွက်ပေးမည် ဖြစ်သည့် ဆောင်ရွက်သင့်သည်များကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

## ဆက်လက်ကြိုးပမ်း

မကြာမီအချိန်အတွင်း၌ ၂၀၀၃ခုနှစ်အတွက် ထူးချွန်ဆုများကို တစ်ခုချင်းကြေညာပြီး ချီးမြှင့်တော့မှာ ဖြစ်ကြောင်း၊ ရုပ်ရှင်ထူးချွန်ဆု ရွေးချယ်သည့်နေရာတွင်လည်း ၁၉၉၆ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ရုပ်ရှင်ဥပဒေပါအခြေခံမူ (၇)ရပ်ကို အခြေခံပြီး ၂၀၀၃ခုနှစ် ပြက္ခဒိန်နှစ်အတွင်း ရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကား ၂၆ကားကို အပြန်ပြန်အထပ်ထပ် ကြည့်ရှုအကဲဖြတ်ကာ ရွေးချယ် ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ထူးချွန်ဆုရရှိသူများက ဆက်လက်ကြိုးပမ်းသွားရန်နှင့် ဆုမရကြသေးသည့် အနုပညာရှင်များကလည်း နောင်နှစ်များတွင် ထူးချွန်ဆုရအောင် ကြိုးစားသွားကြရန် တိုက်တွန်းလိုကြောင်း။

## အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်

ရုပ်ရှင်ပညာရှင်များ၊ အတတ်ပညာရှင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှု၊ လွတ်လပ်ရေးထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု၊နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့်တိုးတက် ဖွံ့ဖြိုးရေးကြိုးပမ်းမှုများတွင် အတိတ်က တက်ကြွစည်းလုံးစွာ ပါဝင်ခဲ့ကြသကဲ့သို့ ယနေ့ခေတ်မျက်မှောက်ကာလ၌လည်း တက်ကြွညီညွတ်စွာ ပါဝင်နေကြသည်ကို တွေ့ရကြောင်း၊ အနာဂတ်တွင်လည်း ပြည်ထောင်စုစိတ်ဓာတ်နှင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်အစိုးရက ယနေ့ဆောင်ရွက်နေသည့် အဆင့်(၇)ဆင့်ဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြပါရန် ထပ်မံတိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့်

- **မြန်မာ့ရုပ်ရှင်အဆင့်အတန်း တိုးတက်ရေးအတွက် ရုပ်ရှင်ချစ်ပရိသတ်ပြည်သူများက ပံ့ပိုးအားပေးကြပါ၊**
- **ရုပ်ရှင်လောကသားများအနေနှင့်လည်း ရုပ်ရှင်လောကဖွံ့ဖြိုး တိုးတက်အောင် အထက်ကဆွေးနွေးတွင်ကြားခဲ့သည့် မှာကြားချက်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်ကြပါ၊**
- **မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်၊ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေးတွင်လည်း ရုပ်ရှင်အတတ်ပညာများနှင့် ဖြည့်ဆည်းဆောင်ရွက်သွားကြပါ၊**
- **ယနေ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရေးတွင်လည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ၂၀၀၃ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ဆုရရှိကြသည့် အမည်စာရင်းကို အကယ်ဒမီဆုရရှိပြီးသူ ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်များက ကြေညာရာတွင် အကောင်းဆုံးအသံထူးချွန်ဆုကို သူးမွဲထသစွာဇာတ်ကားမှ ခင်စံပယ်ဦးအဖွဲ့ကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆုကို အမေ့နို့ဖိုးဇာတ်ကားမှ ကျောက်ဖြူ(ပဒေသာ)ကလည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆုကို အမေ့နို့ဖိုးဇာတ်ကားမှ ဇာတ်ညွှန်းရေးသားသူ ငြိမ်းမင်းကလည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားတည်းဖြတ်ဆုကိုသူးမွဲထသစွာဇာတ်ကားမှ ဦးမြင့်ခိုင်ကလည်းကောင်း၊ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို အမေ့နို့ဖိုးဇာတ်ကားမှ ချိုပြုံးကလည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုကို နေကမွေးတဲ့လ ဇာတ်ကားတွင် နောက်ခံတေးဂီတဖန်တီးသူ ဇော်မျိုးထွဋ်ကလည်းကောင်း၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို အမေ့နို့ဖိုးဇာတ်ကားမှ ဇော်ဦးကလည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကို အမျိုးသားရုပ်ရှင်မှ ရိုက်ကူးထုတ်လုပ်သည့် အမေ့နို့ဖိုးဇာတ်ကားကလည်းကောင်း၊ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို နေကမွေးတဲ့လဇာတ်ကားမှ ကျော်ဟိန်းက လည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုကို အမေ့နို့ဖိုးရုပ်ရှင် ဇာတ်ကားကို ရိုက်ကူးသူ ဒါရိုက်တာကျော်သူကလည်းကောင်း၊ အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုကို အမေ့နို့ဖိုးဇာတ်ကားမှ ထွန်းအိန္ဒြာဗိုက လည်းကောင်း ရရှိကြောင်းကြေညာပေးကြပြီး ဆုတစ်ခုချင်းစီအလိုက် အကောင်းဆုံးရုပ်ရှင်ပြကွက်အချို့ကို ကောက်နုတ်ပြသသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၃ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ရရှိကြသူများအား ရွှေစင်ရုပ်ဆုနှင့် Super Coffeemix က ချီးမြှင့်သည့် ငွေကျပ် တစ်သိန်းစီတို့ကို တစ်ဦးချင်းသို့ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၀၃ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ရရှိကြသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ည၈နာရီ မိနစ်၅၀တွင် ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် ၂၀၀၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိကြသည့် ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



### ဒါရိုက်တာဆုရ ကျော်သူ

**အမေ့နို့ဖိုးဇာတ်ကားဖြင့် အကောင်းဆုံး ဒါရိုက်တာဆုရ ကျော်သူ၏ အောင်မြင်မှုကို ဂုဏ်ယူနေသည့် ပီတိအပြုံး။** (မြန်မာ့အလင်း)





### အမျိုးသမီး ဇာတ်ပို့ဆုရှင် ချိုပြုံး

**အမေ့နို့ဖိုး ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆုရ ချိုပြုံးအား ဝါဝါဝင်းရွှေက လှိုက်လှဲဝမ်းသာသော အနမ်းဖြင့် ဂုဏ်ပြုစဉ်။** (မြန်မာ့အလင်း)

### အမျိုးသားဇာတ်ဆောင်ဆုရ ကျော်ဟိန်း

**နေကမွေးတဲ့လ ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုရ ကျော်ဟိန်းအား အနုပညာရှင် အပေါင်းအသင်းများက လာရောက်နှုတ်ဆက်စဉ်။** (မြန်မာ့အလင်း)



### အမျိုးသား ဇာတ်ပို့ ဆုရ ဇော်ဦး

**အမေ့နို့ဖိုး ဇာတ် ကားဖြင့်အကောင်းဆုံး အမျိုးသား ဇာတ်ပို့ ဆုရ ဇော်ဦး ရုပ်ရှင် ချစ်ပြည်သူများအား ပြန်လည် နှုတ်ဆက်စဉ်။** (မြန်မာ့အလင်း)



### အမျိုးသမီးဇာတ်ဆောင်ဆုရှင် ထွန်းအိန္ဒြာဗို

**အမေ့နို့ဖိုး ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုရ ထွန်းအိန္ဒြာဗိုအား ဝမ်းသာအားရ နှုတ်ဆက်စဉ်။** (မြန်မာ့အလင်း)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော်ဘုရားနှင့် မန္တလေးမြို့ မဟာမုနိဘုရားဖူးမျှော်ကြည်ညို

ရန်ကုန် ဒီဇင်ဘာ ၂၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဒီဇင်ဘာ ၂၅ ရက်တွင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ရှိ ရာဇမဏိစူဠာကောင်းမှုတော်ဘုရားအား ဖူးမြော်ကြည်ညိုကြသည်။ (အောက်ပုံ) စာမျက်နှာ ၆ ကော်လံ ၁ *





### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ၂၀၀၃ ခုနှစ် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများချီးမြှင့် ဇာတ်ကား ၂၆ ကားအနက် အမေ့နို့ဖိုး ထူးချွန်ဆု(၇)ဆုရရှိ



ရန်ကုန် ဒီဇင်ဘာ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၃ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ချီးမြှင့်သည့် အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏဘွဲ့ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ချီးမြှင့်ကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားကာ ၂၀၀၃ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသူများအား ရွှေစင်ရုပ်ဆုများကို ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၏ ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် စာမျက်နှာ ၁၀ ကော်လံ ၁ ●



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ထူးချွန်ဆုရ ရုပ်ရှင်အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(မြန်မာ့အလင်း)

## ၂၀၀၃ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုများ

| | |
|---|---|
| ရုပ်ရှင်အသံဆု | - ခင်စံပယ်ဦး (သူးမွဲထသစ္စာ) |
| ရုပ်ရှင်ဓာတ်ပုံဆု | - ကျောက်ဖြူ(ပဒေသာ) (အမေ့နို့ဖိုး) |
| ရုပ်ရှင်ဇာတ်ညွှန်းဆု | - ငြိမ်းမင်း (အမေ့နို့ဖိုး) |
| ရုပ်ရှင်တည်းဖြတ်ဆု | - ဦးမြင့်ခိုင် (သူးမွဲထသစ္စာ) |
| အမျိုးသမီးဇာတ်ပို့ဆုရှင် | - ချိုပြုံး (အမေ့နို့ဖိုး) |
| ရုပ်ရှင်တေးဂီတဆု | - ဇော်မျိုးထွဋ် (နေကမွေးတဲ့လ) |
| အမျိုးသားဇာတ်ပို့ဆုရှင် | - ဇော်ဦး (အမေ့နို့ဖိုး) |
| ရုပ်ရှင်ဇာတ်ကားဆု | - အမေ့နို့ဖိုး (အမျိုးသားရုပ်ရှင်) |
| အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု | - ကျော်ဟိန်း (နေကမွေးတဲ့လ) |
| အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု | - ထွန်းအိန္ဒြာဗို (အမေ့နို့ဖိုး) |
| အကောင်းဆုံးဒါရိုက်တာဆု | - ကျော်သူ (အမေ့နို့ဖိုး) |

## မြန်မာ့အလင်း (၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

❒ "တွဲသောလက်တွေ ခိုင်မြဲစေ" — စိုးမိုး(ပုသိမ်)၏ ကဗျာ (စာ-၃)

❒ "ဒို့နိုင်ငံ လွတ်လပ်ရေးရခဲ့တာ ၅၇ နှစ် ပြည့်တော့မယ်" — ပြည်ထွန်း၏ ကာတွန်း (စာ-၃)

❒ "လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ပေးထားသည့် ဆည်တမံများ" — ဓာတ်ပုံမှတ်တမ်း (စာ-၇)

❒ "နယ်ချဲ့တို့၏ ဆိုးရွားရက်စက်မှုများသည် မြန်မာ့သမိုင်းစာမျက်နှာများတွင် အထင်အရှား ရှိခဲ့ပြီးဖြစ်သည်။ အသက်သွေးချွေးများပေးဆပ်၍ လွတ်လပ်ရေးအတွက်တိုက်ပွဲဝင်ခဲ့သော မြန်မာ့သူရဲကောင်းများနှင့် မြန်မာတိုင်းရင်းသားတို့၏ သမိုင်းမှတ်တိုင်များကို ယနေ့တိုင် မမေ့နိုင်ဘဲရှိနေဆဲဖြစ်သည်။" — စိုးသိန်း(မြန်မာ့အလင်း)၏ ဆောင်းပါး (စာ-၈၊ ၉)